ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့ (6-6-2010) (၆၄၂၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဇွန် ၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum on East Asia)သို့ တက်ရောက်ရန် ယနေ့နံနက် ၁၀ နာရီတွင် အထူးလေယာဉ်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်နှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမှ ခေတ္တ သံရုံးယာယီတာဝန်ခံ Mr. Vu Van Minh တို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပမည့် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

လိုက်ပါ

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror

၆-၆-၂၀၁၀ (တနင်္ဂနွေနေ့)

အိမ်တိုင်ရာရောက် မွေးကင်းစကလေး စောင့်ရှောက်

ပြည်သူလူထုတစ်ရပ်လုံး အသက်ရှည်ကျန်းမာရေးကို အလေးထားပြီး ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်နေသည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ လူမှုရေးအသင်း အဖွဲ့များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ပူးပေါင်းပါဝင် ကူညီလျက်ရှိကြသည်။

ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ကလေးကျန်းမာရေး ဖွံ့ဖြိုးမှု(၅)နှစ်တာ မဟာဗျူဟာစီမံကိန်း ၂၀၁၀-၂၀၁၄ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ဇွန် ၁ ရက်တွင် နေပြည်တော် ဥတ္တရသီရိမြို့၌ ကျင်းပသည်။ အဆိုပါစီမံကိန်းသည် အိမ်တိုင်ရာရောက် မွေးကင်းစကလေး ကျန်းမာရေး စောင့်ရှောက်မှုအပါအဝင် အခြေခံမွေးကင်းစကလေး စောင့်ရှောက်မှု လုပ်ငန်းများ ပါဝင်မည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်း၌ အသက်ငါးနှစ်အောက်ကလေးများ သေဆုံးမှု၏ သုံးပုံနှစ်ပုံသည် မွေးကင်းစကလေးများ ဖြစ်သည်။ ထို့ကြောင့် မွေးကင်းစ ကလေးများ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုအားစိုက်ဆောင်ရွက်နေကြ ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျန်းမာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် ရာ၌ (၅) နှစ်တာ မဟာဗျူဟာစီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိ သည်။ ၁၉၉၀ ပြည့်နှစ်မှစ၍ အသက်ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်း သိသာစွာကျဆင်းနေပြီ။ ထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရေး အားထုတ်ကြိုးပမ်းကြရပေဦးမည်။

ကလေးကျန်းမာရေးဖွံ့ဖြိုးမှု (၅)နှစ်တာ မဟာဗျူဟာစီမံကိန်းသည် မွေးကင်းစကလေး သေဆုံးမှု ကျဆင်းရေးအတွက် မွေးပြီးနှစ်ရက်အတွင်း အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှု ပေးမည်ဖြစ်သည်။ ထို့ အပြင် ငါးနှစ်အောက်ကလေး သေဆုံးရမှုများတွင် အဓိကအကြောင်းရင်း ဖြစ်သော နမိုးနီးယား၊ ဝမ်းပျက်ဝမ်းလျှော ပြုစုကုသခြင်းများလည်း ပါဝင် မည်ဖြစ်သည်။

ယင်းသို့ ကလေးကျန်းမာရေးဖွံ့ဖြိုးမှုလုပ်ငန်းများ ဖော်ဆောင်ရာတွင် ကလေးမိသားစုများနှင့် ပြည်သူလူထုအတွင်း ကျန်းမာရေးအလေ့အထ ကောင်းများ လိုက်နာကျင့်သုံးစေရေး ဦးစားပေးလုပ်ဆောင်သွားကြမည် ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သုံးနှစ်အောက်ကလေးများ တွင် အဖြစ်များလေ့ရှိသော ရောဂါများမှကာကွယ်နိုင်ရန် ဆေးတိုက် ကျွေးခြင်း၊ ရာသီအလိုက် ကူးစက်ဖြစ်ပွားတတ်သောရောဂါများ ကင်းစင် စေရေး နှစ်စဉ်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းများ ဆောင်ရွက်လျက် ရှိသည်။

မိခင်နှင့်ကလေးများ ကျန်းမာရေးသည် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိသားစုများ၊ ပြည်သူများ အားလုံးက ကလေးကျန်းမာရေးဖွံ့ဖြိုးမှု စီမံကိန်းအောင်မြင်ရေး ဝိုင်းဝန်း ကူညီဆောင်ရွက်ကြခြင်းဖြင့် ကလေးငယ်တိုင်း အသက်ရှည်ကျန်းမာပြီး သန်စွမ်းဖွံ့ဖြိုးသော နိုင်ငံ့သားကောင်း၊ သမီးကောင်းများ ထွန်းကား လာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးသိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ဟောင်ကောင်)မှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ဟောင်ကောင်) International Xinshidai Holdings Ltd. မှ Managing Director Mr. Yu Chang Sang နှင့် အဖွဲ့သည် ဇွန် ၃ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လေကြောင်းပို့ဆောင်ရေးဆိုင်ရာ ကဏ္ဍများနှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား တရုတ်ပြည်သူ့သမ္မတ နိုင်ငံ (ဟောင်ကောင်) International Xinshidai Holdings Ltd. မှ Managing Director Mr. Yu Chang Sang နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

မြန်မာ့အာမခံလုပ်ငန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇွန် ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)နှင့် ပြည်နယ်၊တိုင်း နှင့် ခရိုင်ရုံးများ၏ "ဝင်ငွေမြိုင် ၍ လျော်ကြေးမြန်တဲ့အာမခံ" လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇွန် ၃ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည် လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦး စွာ အထွေထွေမန်နေဂျာ ဒေါက်တာ မောင်မောင်သိမ်းက အမှာစကား ပြော ကြားပြီး ရုံးချုပ်ရှိ ဌာနအသီးသီးတို့မှ တာဝန်ရှိသူများနှင့် ပြည်နယ်၊ တိုင်းနှင့် ခရိုင်ရုံးတို့မှ တာဝန်ခံများက အာမခံ လုပ်ငန်းရပ်အသီးသီးအပေါ် လျာထား ချက် ပြည့်မီကျော်လွန်နိုင်ရေးအတွက် အသေးစိတ် လုပ်ငန်းစီမံချက်များကို ဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေး နှစ် မြန်မာ့အာမခံလုပ်ငန်း ပြည်နယ်၊ တိုင်းနှင့် ခရိုင်ရုံးများ၏ လုပ်အားယှဉ်ပြိုင် ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ဘက်စုံ ထူးချွန်ပထမဆုကို နေပြည်တော်ရုံးက ရရှိပြီး ဆုများကို အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းက သက်ဆိုင် ရာ ရုံးတာဝန်ခံများထံ ပေးအပ်သည်။

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့အာမခံလုပ်ငန်း၏ ဝင်ငွေစုစုပေါင်း မှာ ငွေကျပ်သန်းပေါင်း ၁၅၀၇၇ ဒသမ ၃၄ ဖြစ်ပြီး အာမခံလျော်ကြေး စုစုပေါင်း မှာ ငွေကျပ်သန်းပေါင်း ၂၅၁၇ ဒသမ ၄၇ ဖြစ်ကြောင်း၊ အာမခံထားသူများထံ လျော်ကြေးများ လျင်မြန်စွာ ပေးချေခဲ့ ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



Laurel ဓာတ်ပုံကူးဆိုင်ဖွင့်လှစ်ခြင်း (၂) နှစ်ပြည့် အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၅

Laurel ဓာတ်ပုံကူးဆိုင်များဖွင့်လှစ်ခြင်း (၂)နှစ်ပြည့် အခမ်းအနားကို ဇွန် ၃ ရက် ညနေ ၆ နာရီမှ ည ၉ နာရီအထိ ရန်ကုန်မြို့ Traders Hotel Ballroom ၌ Loreal Cosmetics & Canon Co.,Ltd. တို့၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခဲ့သည်။

Laurel ဓာတ်ပုံကူးဆိုင်မှ ၄ လက်မ × ၆ လက်မ ဆိုဒ် အသေးမှသည် ၂၄ လက်မ × ၉၆ လက်မဆိုဒ်အထိ ကူးယူ ဆောင်ရွက်ပေးနိုင်ကြောင်းနှင့် ဓာတ်ပုံနှင့်ပတ်သက်သော ဝန်ဆောင်မှုအမျိုးမျိုးကို ဆောင်ရွက်ပေးနိုင်ရန် ဆိုင်အမှတ် (၁) အမှတ် (၇၈၉) မဟာဗန္ဓုလလမ်း လမ်းမတော်နှင့် ဆိုင်အမှတ်(၂) အမှတ်(၁၈) ကျားကွက်သစ်လမ်း ကျောက်မြောင်းတွင် လည်းကောင်း၊ မြေနီကုန်း Citymart, Capital Hypermart, Maw Tin Tower တို့၌ ဖွင့်လှစ်ထားကြောင်း သိရသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၆-၆-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၄။ **ကာတွန်းအစီအစဉ် -အမ္ဗာစုံထောက် (အပိုင်း-၁၀)**
၁၁း၂၅ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကောင်းကင်ပေါ်က ကျတဲ့မျက်ရည်**
၁၂း၃၀ ၆။ ကျန်းမာသုတ
၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၄၁)**
၂း၅၅ ၈။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၄း၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၀။ **ဘဝကြေးမုံ -သူငယ်ချင်းနှစ်ယောက် (အပိုင်း-၁) -အကယ်ဒမီခင်စိုးပိုင်၊ ဝါဝါအောင်၊ တေဇ၊ ရန်နိုင်၊ လေပြေ [ဒါရိုက်တာ- ဆဲဗင်း (IC)]**
၆း၅၀ ၁၁။ ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀ ၁၂။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - လေဟုန်ခွင်းတဲ့ သူရဲကောင်း (အပိုင်း-၁၇)**
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြား သတင်း
၁၄။ နိုင်ငံတကာသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ကျန်းမာသုတ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း (အပိုင်း-၅၄)**
၂၁။ **နှစ်ခေတ်ပြိုင်ချစ်သူ (အပိုင်း-၃၃)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ကျေးလက်မြေသားလမ်း ဖောက်လုပ်

မြစ်ကြီးနား ဇွန် ၅

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နောင်ပုံ-နန်ကျင် ကျေးလက်မြေသားလမ်းအား စက်ယန္တရားများဖြင့် ဖောက်လုပ်နေမှုကို မေ ၁၉ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးနိုင်က ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဒဂုံမြို့နယ် မနော်ဟရီလမ်းနေ ဦးစိန်ဝင်း-ဒေါ်ခင်သန်းကြည် မိသားစုက ဦးစိန်ဝင်း၏ မွေးနေ့ အထိမ်းအမှတ်အဖြစ် လေးထပ်ဘိုးဘွား ဆောင်သစ်ကြီးနှင့် ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားကို အပြည့်အဝတည်ဆောက် မိမိရပ်ရွာ၊ ဒေသ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်ထောင်စုကြီးအဓွန့်ရှည်ရေး တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး စည်းစည်းလုံးလုံး လက်တွဲကြိုးပမ်း

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်း တက္ကသိုလ်(ဖောင်ကြီး) တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၁၇)သင်တန်းဆင်းပွဲအခမ်းအနားတွင် သင်တန်းသား စံပြဆုရ နည်းပညာတက္ကသိုလ် မော်လမြိုင်မှ သရုပ်ပြ ဦးဇင်မောင်မောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၅

တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ စာရင်းစစ်ချုပ် ဦးလွန်းမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်ကာလကဲ့သို့ သိပ္ပံနှင့်နည်းပညာ တိုးတက်ဖြစ်ထွန်းမှုများကဦးဆောင်ပြီး အစစအရာရာ ပြောင်းလဲတိုးတက်နေသည့် အချိန်ကာလတွင် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှု အခြေခံကောင်းများအပြင် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေရေးသည်လည်း ပဓာနကျသော လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း။

ထို့ကြောင့် အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းများ အဆင့်ဆင့် အောင်မြင်ဖြစ်ထွန်းပြီး နိုင်ငံတော်အတွက် ရေရှည်လိုအပ်မည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်များ ခေတ်နှင့်လျော်ညီစွာ အရည်အသွေးမြင့်မြင့်မားမားဖြင့် စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေး၊ မိမိ နိုင်ငံအတွင်း နိုင်ငံတကာအဆင့်မီ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များ၊ နည်းပညာရပ်များ ထွန်းကားပြန့်ပွားလာစေရေးတို့အတွက် ဆရာ၊ ဆရာမများ အားလုံးက ရည်မှန်းချက်ရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မြဲရေး၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဟူသည့် အခြေခံအကြောင်းတရားများအပေါ်တွင် အခိုင်အမာတည်ဆောက်ထားသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးနှင့် နိုင်ငံတော်၏အနာဂတ် ရေရှည်တည်ငြိမ်ခိုင်ခံ့စေရေး ရည်မှန်းချက်များချမှတ်ပြီး ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်သွားမည့် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များအား ပညာရေးကဏ္ဍမှ ပြုစုပျိုးထောင်မွေးထုတ်ပေးခြင်းအားဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ အမျိုးသားရေးအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းမြင့်မားလာစေရေး ပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက**"မိမိနိုင်ငံ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးမှာ မိမိပါဝင်သည့် မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အရေးကိစ္စဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ထူထောင်ရေးတွင် နိုင်ငံသားများ၏ မြင့်မားသည့်ခံယူချက်နှင့် ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း၊ နိုင်ငံသားတိုင်းသည် နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ ကာကွယ်ရေးအမြင်၊ စီမံခန့်ခွဲရေးအမြင်အပြင် နိုင်ငံတကာအမြင်ပါရှိနေရန် လိုအပ်ကြောင်း"** ကို မိန့်ကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိနိုင်ငံကို သားစဉ်မြေးဆက် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်တွင် နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ ကာကွယ်ရေး စွမ်းအားများ တောင့်တင်းခိုင်မာနေစေရေးတို့အတွက် မြင့်မားသည့်ခံယူချက်နှင့် ပညာရေးကဏ္ဍအပါအဝင် နယ်ပယ်ကဏ္ဍစုံတွင် အားထုတ်ကြိုးပမ်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

ယနေ့ခေတ်ကာလတွင် မိမိနိုင်ငံသူ နိုင်ငံသားများ၏ အသိဉာဏ်ပညာနှင့် ကျွမ်းကျင်မှုများသည် နိုင်ငံတော်၏ သယံဇာတတစ်ရပ်ပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ် သယံဇာတများနှင့် နိုင်ငံတော်တွင် ပင်ကိုကြွယ်ဝပြီးဖြစ်သည့် သဘာဝသယံဇာတ အရင်းအမြစ်များကို သဟဇာတဖြစ်စွာ ပေါင်းစပ်ပေးနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်သည် သိသာထူးခြားစွာ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး တစ်ဆက်တစ်စပ်တည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နယ်ပယ်ကဏ္ဍစုံတွင် စီမံကိန်းများ စနစ်တကျချမှတ်ဆောင်ရွက်နေမှုကြောင့် ယနေ့ အချိန်အခါ၌ နိုင်ငံနှင့်အဝန်း ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

နယ်မြေဒေသတိုင်းတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ စီးပွားရေးလုပ်ငန်းများ တိုးတက်မြင့်မားရေးအတွက် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းမကြီးများ၊ မြစ်ကူးချောင်းကူး တံတားကြီးများ၊ ဆည်တမံများ၊ လေယာဉ်ကွင်းများ၊ လျှပ်စစ်နှင့် စွမ်းအင်စီမံကိန်းကြီးများ အစီအရီပေါ်ထွန်းနေပြီဖြစ်သကဲ့သို့ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လူမှုရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုပတ်ဝန်းကျင်ကောင်းများလည်း အလုံးအရင်း ပေါ်ထွန်းနေပြီဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နှင့် မြို့ပြဒေသများ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းပပျောက်ရေးအတွက် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို မူဝါဒတစ်ရပ်အဖြစ်ထားရှိပြီး စီမံကိန်းများ စနစ်တကျ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အတွက် နယ်စပ်ဒေသများအပါအဝင် ကျေးလက်ဒေသများ၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများတွင် မည်သည့်ခေတ်ကာလနှင့်မှ မနှိုင်းယှဉ်သာအောင် အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

တိုင်းရင်းသားလူမျိုးများစွာဖြင့် ပေါင်းစည်းဖြစ်တည်နေသည့် မိမိတို့နိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားနှင့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားတို့သည် အရာရာကို အဆုံးအဖြတ်ပေးလျက်ရှိကြောင်း၊ ဤစိတ်ဓာတ်စွမ်းအားဖြင့်သာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တည်တံ့ခိုင်မြဲမှုများကို ထိန်းသိမ်းမြှင့်တင်သွားနိုင်မည်ဖြစ်ကြောင်း။

ယနေ့အချိန်ကာလတွင် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားကို အပြည့်အဝတည်ဆောက်ပြီး မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဘိုးဘွားအမွေဖြစ်သည့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲကြိုးပမ်းကြရမည့် အချိန်ကာလပင် ဖြစ်ကြောင်း။

ဤအခြေအနေ အချိန်အခါတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် အဖျက်သမားများအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာမှု ပျက်ပြားရေးအတွက် ဖောက်ခွဲဖျက်ဆီးမှုများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေရန် လူမျိုးရေး၊ ဝါဒရေး၊ ဂိုဏ်းဂဏရေးခွဲခြားမှုများ ပြန်လည်ခေါင်းထောင်လာစေရေးအတွက် လုပ်ကြံဖန်တီးမှုများကို စနစ်တကျသပ်လျှိုသွေးခွဲမှုများ ကြိုးပမ်းလျက်ရှိနေကြကြောင်း။

ယခုကဲ့သို့ လုပ်ကြံဖန်တီးနေကြသော ပြည်တွင်း ပြည်ပအဖျက်သမားများ၏ ဆိုးညစ်သည့်ရည်ရွယ်ချက်နှင့် ကြီးမားသည့်အန္တရာယ်များကို ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအမြင်ဖြင့် ရှင်းလင်းစွာသိမြင်ပြီး ပြည်ထောင်စု စိတ်ဓာတ်အခြေခံနှင့် ဝိုင်းဝန်းဖယ်ရှားရေးအတွက် ဆရာ၊ ဆရာမများအနေဖြင့် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်ရာတွင် အရေးကြီးသည့် အသွင်ကူးပြောင်းရေးကာလသို့ ရောက်ရှိနေသည့် မျက်မှောက်ကာလ၌ အမျိုးသားရေးတာဝန်များကို အောင်မြင်ကျေပွန်စွာထမ်းဆောင်နိုင်သော ပညာရေးဝန်ထမ်းကောင်းများအဖြစ် အစဉ်ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းသားစံပြဆုရ ကသအမှတ် C-၃၅ ဦးဇင်မောင်မောင်(သရုပ်ပြ၊ နည်းပညာတက္ကသိုလ်-မော်လမြိုင်)၊ သင်တန်းသူစံပြဆုရ ကသအမှတ် A-၂၇ ဒေါ်တင်နွယ်ထူး(သရုပ်ပြ၊ နည်းပညာတက္ကသိုလ်-မအူပင်)၊ သင်တန်းသူဇွဲလုံ့လဆုရ ကသအမှတ် B-၁၆ ဒေါ်ခင်မာကြူ (လက်ထောက်ကထိက၊ သူနာပြုတက္ကသိုလ်-ရန်ကုန်)နှင့် ကသအမှတ် A-၆၉ ဒေါ်ထွေးသန်း (လက်ထောက်ကထိက၊ နည်းပညာတက္ကသိုလ် - မော်လမြိုင်)တို့အား လည်းကောင်း၊ စံပြအဆောင်ဆုရ အမျိုးသားတပ်ခွဲ(၅)အဆောင်(၂)နှင့် အမျိုးသမီးတပ်ခွဲ(၂)အဆောင်(၇)တို့အား လည်းကောင်း ဆုများကိုချီးမြှင့်ပြီး တပ်ခွဲအလိုက် သင်တန်းသား၊ သင်တန်းသူ ခေါင်းဆောင်များထံ သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အောင်ပွဲရ မြန်မာ့လက်ရွေးစင် မျိုးဆက်သစ်လူငယ် ဂေါက်သီးအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို

ရန်ကုန် ဇွန် ၅

၂၀၁၀ ခုနှစ် ဇွန် ၁ ရက်မှ ၄ ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ DAMAI INDAH GOLF-PIK COURSE ဂေါက်ကွင်း၌ ကျင်းပခဲ့သည့် JAKARTA WORLD JUNIOR GOLF CHAMPIONSHIP-2010 တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အသင်းအုပ်ချုပ်သူ ဦးမျိုးထွန်း ဦးဆောင်သော မြန်မာ့လက်ရွေးစင် မျိုးဆက်သစ်လူငယ် ဂေါက်သီးအဖွဲ့သည် ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

အောင်ပွဲရ မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးအဖွဲ့အား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇ၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းနှင့် ဦးအောင်ကြည်၊ နည်းပြချုပ် ဦးချမ်းဟန် (မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်)၊ လက်ရွေးစင် အသင်းနည်းပြချုပ် ဦးကိုကိုလေး၊ Air-Bagan မှတာဝန်ရှိသူများ၊ ဆွေမျိုးမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးအဖွဲ့မှ အမျိုးသမီးဂေါက်သီး အားကစားမယ် မယဉ်မေမျိုးသည် အသက် (၁၃-၁၄)နှစ်တန်း Girls Class (B) အဆင့် ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရာ ထိုင်းနိုင်ငံ အားကစားမယ်နှင့် အမှတ်ချင်းတူနေသဖြင့် ကျင်းပိုရိုက်ပြီး ဆုံးဖြတ်ရာ မယဉ်မေမျိုးက ၃ ရက်ပေါင်း ရိုက်ချက် (၇၀) (၇၆) (၇၀)ဖြင့် စုစုပေါင်း ရိုက်ချက် (၂၁၆)ချက်ဖြင့် ချန်ပီယံပထမဆုဖလားကို ရရှိခဲ့ပြီး ထိုင်းနိုင်ငံမှ အားကစားမယ်များက ဒုတိယနှင့် တတိယဆုများကို ရရှိခဲ့သည်။ မယဉ်မေမျိုးသည် မေ ၁၄ ရက်မှ ၁၆ ရက်အထိ မလေးရှားနိုင်ငံတွင် ကျင်းပပြီးစီးခဲ့ပြီးဖြစ်သည့် 27th Men &19th LADIES AMATEUR OPEN GOLF CHAMPIONSHIP ပြိုင်ပွဲ၌ ချန်ပီယံပထမဆုကို ရရှိခဲ့ပြီး ယခုပြိုင်ပွဲ အပါအဝင် နိုင်ငံတော်အတွက် ချန်ပီယံပထမဆု (၂)ဆုကို ရယူပေးခဲ့သည်။

ယင်းပြိုင်ပွဲတွင် တောင်အာဖရိကနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသည့် JAKARTA WORLD JUNIOR GOLF CHAMPIONSHIP-2010 တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် မျိုးဆက်သစ်လူငယ် ဂေါက်သီးအဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုနှုတ်ဆက်သူများနှင့် အတူတွေ့ရစဉ်။
(မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်)

ကျောက်တန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်တင်မိုးရွှေ၊ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြင့်ဝင်းတို့ မင်းကျောင်းလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

အာဖဂန် အမျိုးသားငြိမ်းချမ်းရေးညီလာခံ ပြီးဆုံး
တာလီဘန်နှင့် ဆွေးနွေးရန် အစိုးရကို ကိုယ်စားလှယ်များတိုက်တွန်း

ကဘူး ဇွန် ၅

အာဖဂန်နစ္စတန်နိုင်ငံ၏ ကိုးနှစ်ကြာပြည်တွင်းပဋိပက္ခများကို အဆုံးသတ်နိုင်ရန် ရည်ရွယ်ကျင်းပခဲ့သော အာဖဂန်အမျိုးသားငြိမ်းချမ်းရေးညီလာခံသည် သောကြာနေ့က ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယင်းညီလာခံသို့တက်ရောက်လာသော လူမျိုးစုနှင့်ပြည်နယ်ကိုယ်စားလှယ်များသည် သမ္မတ ဟာမစ်ကာဇိုင်း၏ တာလီဘန်များနှင့်ဆွေးနွေးညှိနှိုင်းမည့်အစီအစဉ်ကို ထောက်ခံခဲ့သော်လည်း အာဖဂန်အစိုးရအနေဖြင့် ယင်းဆွေးနွေးပွဲအတွက် တင်ကူးသတ်မှတ်ချက်များမပြုလုပ်ရန်နှင့် အရပ်သားများနေထိုင်ရာဒေသများ၌ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်နေခြင်းကို အဆုံးသတ်ရန် တောင်းဆိုခဲ့သည်။

သို့ရာတွင် လူမျိုးစုကိုယ်စားလှယ်များနှင့် ပြည်နယ်ကိုယ်စားလှယ်များ၏ တောင်းဆိုမှုများကို အာဖဂန်အစိုးရနှင့် အမေရိကန်အစိုးရက လိုက်လျောနိုင်မည့်အလားအလာမရှိပေ။

ယင်းအပြင် ညီလာခံသို့တက်ရောက်လာသော ကိုယ်စားလှယ်များက တာလီဘန်များအနေဖြင့် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်စပ်ပတ်သက်မှုများကို ဖြတ်တောက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

အာဖဂန်အမျိုးသားငြိမ်းချမ်းရေးညီလာခံသို့ တက်ရောက်လာသောကိုယ်စားလှယ်များက လူနေဒေသများကို လေကြောင်းမှတိုက်ခိုက်မှုအပါအဝင် အာဖဂန်နစ္စတန်နိုင်ငံအတွင်း လုပ်ဆောင်လျက်ရှိသော နိုင်ငံခြားတပ်ဖွဲ့များ၏ လှုပ်ရှားမှုများကိုလည်း ကန့်သတ်ရန် တောင်းဆိုခဲ့ကြသည်။

အင်တာနက်။

အာဖဂန်အမျိုးသားငြိမ်းချမ်းရေး ညီလာခံ ကျင်းပနေသော တဲရုံကြီးအနီး လုံခြုံရေး စောင့်ကြပ်နေသည့် အာဖဂန်တပ်ဖွဲ့ဝင်များကို ဇွန် ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဝေလငါးဖမ်းဆီးမှု နိုင်ငံတကာတရားရုံးရောက်ရှိ

တိုကျို ဇွန် ၅

နိုင်ငံတကာတရားရုံး၌ တရားစွဲဆိုခံထားရသော်လည်း သုတေသနပြုရန်အတွက် နှစ်စဉ် ဝေလငါးများဖမ်းဆီးမှုကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံက မေ ၁ ရက်တွင် ကြေညာသည်။

ဝေလငါးများကို လိုသည်ထက်ပို၍ အလွန်အကျူးဖမ်းဆီးခြင်းသည် သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနပြုလုပ်ရန်အတွက် ခြွင်းချက်အနေဖြင့်ခွင့်ပြုထားသည့်စည်းမျဉ်းနှင့် ညီညွတ်မှုမရှိသည့်အတွက် ဩစတြေးလျနိုင်ငံက ဂျပန်နိုင်ငံကို နိုင်ငံတကာတရားရုံး၌ တရားစွဲဆိုခဲ့သည်။

ဩစတြေးလျနိုင်ငံက ၎င်း၏ အဓိကကုန်သွယ်ဖက်ဖြစ်သော ဂျပန်နိုင်ငံကို နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ နိုင်ငံတကာတရားရုံး၌ တရားစွဲထားခြင်းကို နှစ်ဖက်တာဝန်ရှိသူများက အတည်ပြုသည်။

ဝေလငါးများ အလွန်အကျွံဖမ်းဆီးခြင်းကို ရပ်တန့်ရန် သံတမန်နည်းလမ်းအရ ကြိုးစားခဲ့သော်လည်း အကျိုးထူးမလာသည့်အတွက် နိုင်ငံတကာတရားရုံးတွင် တရားစွဲဆိုမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကြေညာခဲ့သည်။

ဂျပန်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩစတြေးလျ၏ လုပ်ဆောင်ချက်သည် ဝမ်းနည်းဖွယ်ရာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ဝေလငါးဖမ်းဆီးမှုနှင့် စပ်လျဉ်း၍ ဂျပန်နိုင်ငံအား တရားစွဲဆိုမှုကို နိုင်ငံတကာ တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဩစတြေးလျနိုင်ငံ၏ ဝေလငါး ဘေးမဲ့ရေိယာဖြစ်သော အန္တာတိက ကမ်းလွန်ရေပြင်တွင်းမှ ဂျပန်ဝေလငါးဖမ်းသင်္ဘောတစ်စင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

ဥရောပတစ်လွှား အလုပ်လက်မဲ့နှုန်း မြင့်တက်

ဘရပ်ဆဲလ် ဇွန် ၅

ဥရောပတစ်လွှားနိုင်ငံများ၌ နေထိုင်ကြသော လူဦးရေ ၁၆သန်းနီးပါးသည် လက်ရှိကာလတွင် အလုပ်လက်မဲ့များဖြစ်နေကြောင်း ဥရောပသမဂ္ဂ(အီးယူ)မှ ထုတ်ပြန်သော စာရင်းအင်းများ၌ ဖော်ပြသည်။

ဧပြီလအတွင်း အလုပ်မှထုတ်ပယ်ခံခဲ့ရသော အလုပ်သမားဦးရေသည် မတ်လနှင့် နှိုင်းယှဉ်လျှင် ပိုမိုမြင့်မားလာကြောင်း ကိန်းဂဏန်းများက ညွှန်ပြလျက်ရှိသည်။

၁၉၉၉ခုနှစ် ဇန်နဝါရီ ၁ရက်မှစတင်၍ ယူရိုငွေကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၆နိုင်ငံ၏ မဏ္ဍိုင်ငွေကြေးအဖြစ် သတ်မှတ်ခဲ့ပြီးနောက် အမြင့်ဆုံးရောက်ရှိခဲ့သော အလုပ်လက်မဲ့နှုန်းဖြစ်သည်ဟု ဆိုသည်။

ဥရောပတစ်လွှားလက်ရှိ အလုပ်လက်မဲ့ဦးရေသည် ယမန်နှစ်အလားတူ ကာလတွင် ရှိခဲ့သော ဦးရေနှင့် နှိုင်းယှဉ်လျှင် ၁ ဒသမ ၃သန်း ပိုမိုကြောင်း စာရင်းအင်းများက ညွှန်ပြနေသည်။ ဥရောပတိုက်သည် ပိုမိုကြီးထွားလာသော ဘဏ္ဍာရေးပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းနေရသည့် အချိန်တွင် အဆိုပါ အစီရင်ခံစာ ထွက်ပေါ်လာခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

နီကာရာဂွါ နိုင်ငံတကာလေဆိပ်ကို သူပုန်များသိမ်းပိုက်

မာနာဂွါ ဇွန် ၅

နီကာရာဂွါနိုင်ငံ မြောက်ပိုင်းရှိ နိုင်ငံတကာလေဆိပ်တစ်ခုကို ယာတာမာသူပုန်အဖွဲ့က ဇွန် ၄ရက်တွင် သိမ်းပိုက်ခဲ့ပြီး ပြီးခဲ့သော ရက်သတ္တပတ်က ၎င်းတို့နှင့် သဘောတူ ညှိနှိုင်းထားသော အချက်များကို အစိုးရကဖြည့်ဆည်းပေးရန် တောင်းဆိုခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

ဘဲလ်ဝီမြူနီစပယ်ဒေသရှိ ရီဂိုဘာတိုကာဘေဇက်စ် နိုင်ငံတကာလေဆိပ်ကို သူပုန်များ သိမ်းပိုက်ခဲ့ခြင်းကြောင့် ၅၅၇ကီလိုမီတာကွာဝေးသော မာနာဂွါမြို့တော်သို့ ပျံသန်းမည့်လေကြောင်းခရီးစဉ်များ ရပ်ဆိုင်းခဲ့သည်။

သူပုန်အဖွဲ့သည် ဗီနက်စ်နှင့် ဝက်စ်ပင်မြူနီစပယ်ဒေသများအကြားရှိ ဆက်သွယ်ရေးလမ်းကြောင်းကိုလည်း ပိတ်ဆို့ထားသည်ဟု ယာတာမာသူပုန်ခေါင်းဆောင်က ပြောကြားသည်။

ယာတာမာသူပုန်အဖွဲ့သည် အတ္တလန္တိတ်မြောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဒေသခံအဖွဲ့ဖြစ်သည်။အထက်ပါအဖွဲ့အား ချေးငွေ၊ အိမ်ရာများ၊ ဆောက်လုပ်ရေးသုံး ပစ္စည်းများနှင့် အလုပ်အကိုင်များ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြီးခဲ့သော ရက်သတ္တပတ်က နီကာရာဂွါအစိုးရက ကတိပြုခဲ့သည်။

အကယ်၍ အစိုးရသည် ၎င်းတို့၏ တောင်းဆိုချက်များကိုမဖြည့်ဆည်းခဲ့လျှင် ဘဲလ်ဝီဒေသရှိ အစိုးရ အဆောက်အအုံများကို သိမ်းပိုက်မည်ဟု သူပုန်အဖွဲ့ခေါင်းဆောင်က ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်အရပ်သား သုံးဦး သေဆုံးမှု အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တရားစွဲဆို

ဝါရှင်တန် ဇွန် ၅

အမေရိကန်တပ်ဖွဲ့ဝင် ဂျယ်ရမီမော်လော့ခ်ဆိုသူကို အာဖဂန်အရပ်သား သုံးဦး သေဆုံးမှုနှင့် ပတ်သက်၍ တရားစွဲဆိုခဲ့ကြောင်း စနေနေ့သတင်းများတွင် ဖော်ပြသည်။

အလာစကာပြည်နယ် ဝါဆဲလ်လာဒေသ၌ အသက် (၂၂)နှစ်ရှိ မော်လော့ခ်သည် ရည်ရွယ်ချက်ရှိရှိ ကျူးလွန်ခဲ့သော လူသတ်မှုသုံးမှုနှင့် ရန်လိုတိုက်ခိုက်မှု တစ်မှုတို့ဖြင့် တရားရင်ဆိုင်ရမည်ဖြစ်သည်။

ဂျယ်ရမီမော်လော့ခ်သည် ၂၀၀၆ခုနှစ် ဇွန်လတွင် အမေရိကန်တပ်ဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး အာဖဂန်နစ္စတန်နိုင်ငံ၌ တာဝန်ထမ်းဆောင်ရန် ယမန်နှစ်ဇူလိုင်လတွင် စေလွှတ်ခြင်းခံခဲ့ရသည်။

ဂျယ်ရမီမော်လော့ခ်သည် အာဖဂန်နစ္စတန်နိုင်ငံ ရမ်းရော့ဒ်စစ်အခြေစိုက်စခန်းအနီးဝန်းကျင်၌ ဇန်နဝါရီလနှင့် မေလကြားကာလများအတွင်း လူသတ်မှုများနှင့် တိုက်ခိုက်မှုကို ကျူးလွန်ခဲ့ခြင်းကြောင့် တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။

မော်လော့ခ်သည် အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ် အခြေစိုက်စခန်းသို့ ဇွန် ၃ ရက်တွင် ပြန်လည်ရောက်ရှိလာပြီး ဇွန် ၄ ရက်တွင် စစ်ဆေးမေးမြန်းရန် ထိန်းသိမ်းခံခဲ့ရသည်ဟု သတင်းများ၌ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန် မြောက်ပိုင်းတွင်မြေပြို၊ ခရီးသည် ၃၀၀ သောင်တင်

အစ္စလာမ္မာဘတ် ဇွန် ၅

ပါကစ္စတန်နိုင်ငံမြောက်ပိုင်း တောင်ထူထပ်သောဒေသတွင် သောကြာနေ့က မြေပြိုမှုများ ဖြစ်ပွားသဖြင့် လမ်းများ ပျက်စီးသွား၍ ခရီးသည် ၃၀၀ ထက်မနည်း သောင်တင်လျက်ရှိကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ဂီးလ်ဂျစ်-ဘာလ်တစ်စတန်ပြည်နယ် ဟန်ဇာမြို့မှ ၁၀ကီလိုမီတာအကွာတွင် ယင်းခရီးသည်များ သောင်တင်ပိတ်မိနေကြောင်း ဂျီအီးအိုသတင်းဌာနက ထုတ်လွှင့်သည်။

မြေပြိုမှုများနှင့် အက်တာဘက်ဒေသ၌ ရေအိုင်ကြီးတစ်အိုင်ဖြစ်ပေါ်လာမှုကြောင့် အရေးပေါ်ကြေညာချက်ထုတ်ပြန်ခဲ့ရပြီးနောက် ပါကစ္စတန်နိုင်ငံနှင့် တရုတ်နိုင်ငံကို ဆက်သွယ်ထားသော ကာရာကိုရမ် အဝေးပြေးလမ်းမကြီးတွင် လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

လမ်းများပိတ်ဆို့၍ သောင်တင်နေသော ခရီးသည်များကို ကယ်တင်ရန် ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ထားသည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ဂျီးရီးယား ရွှေတွင်းများ၌ ခဲဆိပ်သင့်၍ လူ ၁၆၃ ဦး သေဆုံး

နိုင်ဂျာ ဇွန် ၅

နိုင်ဂျီးရီးယားမြောက်ပိုင်း ဝေးလံခေါင်ဖျားသောရွာများရှိ တရားမဝင်လုပ်ကိုင်နေသော ရွှေတွင်းများ၌ လွန်ခဲ့သော လအနည်းငယ်ကစ၍ ခဲဆိပ်သင့်မှုများကြောင့် ယခုအချိန်ထိ သေဆုံးသူ ၁၆၃ဦးအထိရှိသွားပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဇမ်ဖာရာပြည်နယ်ရှိ တရားမဝင်လုပ်ကိုင်နေသော ရွှေတွင်းများ၌ ဇန်နဝါရီလမှစ၍ ခဲဆိပ်သင့်မှုဖြစ်ပွားခဲ့ရာ ကလေး ၁၁၁ဦးအပါအဝင် လူပေါင်း ၁၆၃ဦးသေဆုံးခဲ့ပြီးဖြစ်ကြောင်း နိုင်ဂျီးရီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ရောဂါဗေဒဌာနအကြီးအကဲ ဟင်နရီအက်စ်ပန်က အေအက်ဖ်ပီသတင်းဌာနသို့ သောကြာနေ့တွင် ပြောကြားသည်။

ခဲဆိပ်များဝင်ရောက်

ခဲဆိပ်များ အသက်ရှူလမ်းကြောင်းမှ ဝင်ရောက်ခြင်းကြောင့်လည်းကောင်း၊ လက်မှတစ်ဆင့် ပါးစပ်ထဲသို့ ဝင်ရောက်ခြင်းများကြောင့်လည်းကောင်း ကလေးများ သေဆုံးရခြင်းဖြစ်ကြောင်း ဟင်နရီအက်စ်ပန်က ရှင်းလင်းပြောကြားသည်။

ခဲဆိပ်များဖြင့် ညစ်ညမ်းနေသောကိရိယာတန်ဆာပလာများ၊ မြေပြင်နှင့်ရေတို့ကြောင့် လူတို့၏ အသက်အန္တရာယ်ကို စိုးရိမ်ရကြောင်း သတင်းတွင်ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂါဇာကမ်းမြောင်ထောက်ပံ့ရေးသင်္ဘော ရာချယ်ကိုရီအနီးသို့ အစ္စရေး စစ်ရေယာဉ်ငယ်များ ချဉ်းကပ်လာသည်ကို ဇွန် ၅ ရက်က တွေ့ရစဉ်။

(ယင်းသင်္ဘောကို အစ္စရေးတပ်ဖွဲ့ဝင်များက သွေးထွက်သံယိုမှု မရှိစေဘဲ ထိန်းသိမ်းနိုင်ခဲ့သည်ဟုဆိုသည်။)

(ဓာတ်ပုံ-အင်တာနက်)

အကြမ်းဖက်မှုများကြောင့် ဆိုမာလီတွင်လူ ၁၄၀၀ကျော် သေဆုံးခဲ့

ကုလသမဂ္ဂ ဇွန် ၅

ပြီးခဲ့သည့် သီတင်းပတ်များအတွင်း ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့ ဆေးရုံသုံးရုံတွင် အကြမ်းဖက်မှုများကြောင့် သေဆုံးသူ အနည်းဆုံး ၁၄၀၀ကျော်ရှိကြောင်း၊ လေးပုံတစ်ပုံမှာ ကလေးများဖြစ်ကြောင်း ကုလသမဂ္ဂက သောကြာနေ့တွင် အစီရင်ခံစာထုတ်ပြန်သည်။

အဆိုပါသေဆုံးသူများသည် မတ် ၂၀ရက်မှ မေ ၂၄ရက်အတွင်း၌ သေဆုံးကြခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက သတင်းထောက်များအား ပြောကြားသည်။

ဆိုမာလီနိုင်ငံတွင် ၁၉၉၁ခုနှစ် ဇန်နဝါရီလက ဗဟိုအစိုးရပြိုလဲသွားပြီးနောက် နိုင်ငံ၏ လူဦးရေရှစ်သန်းသည် တိုက်ပွဲများ၊ ပဋိပက္ခများနှင့် ကြုံတွေ့ရင်ဆိုင်နေကြရကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး သူရဦးမြင့်မောင် နောင်ချိုမြို့၌ အဖွဲ့ပိုင်စိုက်ခင်း ဧက ၁၀၀၀ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၅

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် စိုက်ပျိုးရေးတာဝန်ခံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်သည် မေ ၃၀ ရက် နံနက်ပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ပိုင် ဧက ၁၀၀၀ စိုက်ခင်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ စိုက်ကွင်းတာဝန်ခံက စိုက်ပျိုးရေးနှင့် ကျွဲ၊ နွားမွေးမြူရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် သရက်၊ မန်ကျည်းချို၊ ပိန္နဲ၊ မာလကာ၊ တရုတ်ထင်းရှူးပင်ပျိုးခြံ၊ စိန်တလုံးသရက်၊ ပန်းဆွဲသရက်ပင်များမှ အသီးများဖြစ်ထွန်းအောင်မြင်နေမှု၊ ကြံစိုက်ခင်း၊ ကျွန်းစိုက်ခင်းနှင့် တရုတ်ထင်းရှူးစိုက်ခင်း၊ ငှက်ပျောစိုက်ခင်းနှင့် ကျွဲ၊နွားမွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ခြေရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း သင်တန်းကျောင်းသို့ ရောက်ရှိလာရာ ကျောင်းအုပ်ကြီး ဒုတိယဗိုလ်မှူးကြီး အောင်စိုး(ငြိမ်း)က ကျောင်းဝင်းအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဆောင်ရွက်ထားရှိမှုများကို လိုက်လံပြသသည်။

ဝန်ကြီးသည် မေ ၃၁ ရက်တွင် ကလေးမြို့သို့ရောက်ရှိလာပြီး ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်အောင်ဆန်းချစ်၊ ကလေးခရိုင်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် သာသနာရေး ဝန်ကြီးဌာနအောက်ရှိ နေရဉ္စရာလူငယ်ပျိုးခင်း သင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးက ကျောင်းကွန်ပျူတာခန်း၌ ကျောင်းသားများ ပညာသင်ကြားမှုအခြေအနေနှင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ကျောင်းစာသင်ဆောင်၊ ကလေးများအိပ်ဆောင်၊ စားရိပ်သာနှင့် ဝန်ထမ်းအိမ်ရာတို့ကို ကြည့်ရှုစစ်ဆေးပြီး အလယ်တန်းကျောင်း ဆောက်လုပ်မည့် မြေနေရာကို ရွေးချယ်ပေးသည်။ ဆက်လက်၍ ဝန်ကြီးသည် ကလေးခရိုင် သာသနာရေးမှူးရုံးသို့ သွားရောက်ပြီး ရုံးအဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြစ်ကြီးနား၌ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၅

၂၀၁၀ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို မေ ၃၁ ရက် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ သဝဏ်လွှာကိုဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ရန်ကုန်မြို့ ရေပေးဝေရေး စီမံကိန်း (ငမိုးရိပ်) ရေသန့်စင်စက်ရုံ စီမံကိန်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(၁၉)

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် ဌာနမှူးများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအနီးရှိ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၏ ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ရေသန့်စင်စက်ရုံမှ ရန်ကုန်မြို့နေပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းသော သောက်သုံးရေ ထပ်မံဖြည့်တင်းပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိသော ဒုတိယအဆင့် စီမံကိန်းလုပ်ငန်းများနှင့် ပထမအဆင့် စီမံကိန်းရေပေးဝေနေမှု လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်သည် စုဖွဲ့ကန်များနှင့် ရေစင်များတည်ဆောက်ရန် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူး ဒေါက်တာဇော်ဝင်း၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးသန်းထိုက်၊ ဒုတိယဌာနမှူး ဦးကံမြင့်နှင့် ဦးအောင်ဆန်းဝင်းတို့က လိုက်လံရှင်းလင်းပြသကြပြီး မြို့တော်ဝန်က စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရန် ဆောင်ရွက်ရေး၊ စီမံကိန်းအတွင်းရှိ လမ်းများကောင်းမွန်ရန် လုပ်ဆောင်ရေးမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ပထမအဆင့် စီမံကိန်းရေပေးဝေမှုလုပ်ငန်းဖြစ်သည့် အကြိုအနည်ထိုင်ကန်၊ အနည်စုဖွဲ့ကန်၊ အနည်ထိုင်ကန်၊ ရေစစ်ကန်နှင့် ရေစုကန်အတွင်းသို့ သောက်သုံးရေများ ဝင်ရောက် သန့်စင်မှုနှင့် ရေတွန်းစက်ရုံမှ စက်များလည်ပတ်၍ ရန်ကုန်မြို့သို့ သောက်သုံးရေ တွန်းပို့ဖြန့်ဝေနေမှု လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ရေသန့်စင်စက်ရုံမှ ပထမအဆင့် စီမံကိန်းလုပ်ငန်းကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် ပြီးစီးခဲ့ပြီး ဒုတိယအဆင့် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပြီးစီးပါက ရန်ကုန်မြို့သို့ နေ့စဉ်သောက်သုံးရေဂါလန် ၄၅ သန်း ထပ်မံဖြည့်တင်းပေးဝေနိုင်ပြီဖြစ်ပြီး ၂၀၁၁ ခုနှစ် နွေရာသီမတိုင်မီ ရေပေးဝေနိုင်မည်ဖြစ်သည်။

(၁၉)

Naing Group Construction Co., Ltd. ၏ ထူးခြားဆန်းသစ်ရွှေရောင်နှစ် 2010 အရောင်းမြှင့်တင်ရေးအစီအစဉ်ဖွင့်ပွဲတွင် Naing Group Construction Co., Ltd. ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်ဦး၊ မန်နေဂျင်းဒါရိုက်တာ ဦးသက်နိုင်ဦး၊ အထွေထွေမန်နေဂျာ ဦးစောမြင့်အောင်နှင့် သရုပ်ဆောင်လူမင်းတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

Naing Group ၏ ထူးခြားဆန်းသစ်ရွှေရောင်နှစ် အရောင်းမြှင့်တင်ရေးအစီအစဉ် ဖွင့်လှစ်

ရန်ကုန် ဇွန် ၅

Naing Group Construction Co., Ltd. ၏ ထူးခြားဆန်းသစ်ရွှေရောင်နှစ် ၂၀၁၀ အရောင်းမြှင့်တင်ရေးအစီအစဉ်ဖွင့်ပွဲကို မေ ၂၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ အမှတ်(၇၆) ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ် Naing Group Show Room တွင်ကျင်းပရာ ရှေးဦးစွာ Naing Group Construction Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးသက်နိုင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ အရောင်းမြှင့်တင်ပွဲကို ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်ဦး၊ မန်နေဂျင်းဒါရိုက်တာ ဦးသက်နိုင်ဦး၊ သရုပ်ဆောင်လူမင်း၊ အထွေထွေမန်နေဂျာ ဦးစောမြင့်အောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ Naing Group Construction Co., Ltd. က အရောင်းမြှင့်တင်ရေး ကာလအတွင်း အခန်းဝယ်ယူသော Customer များအား (10% Discount)အပြင် အခန်း(၁၀)ခန်းအား Special Hot Sales ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း၊ ဝယ်ယူသောအခန်းများအလိုက် 32" Plasma TV၊ Washing Machine၊ ရေခဲသေတ္တာ၊ CDMA(5-Lakhs)Phone၊ စင်ကာပူသို့ သုံးညအိပ် လေးရက်ခရီး လည်ပတ်ခွင့် စသည့် Special Gifts များအပြင် အခွန် ၁၅ ရာခိုင်နှုန်းမှ ၇ ဒသမ ၅ ရာခိုင်နှုန်း (တစ်ဝက်) ကို ကုမ္ပဏီမှ ပေးဆောင်ပေးမည်ဖြစ်သည်။

ငွေပေးချေမှုများကိုလည်း ရွှေ့ဆိုင်းငွေပေးချေမှုစနစ်၊ အရစ်ကျငွေပေးချေမှုစနစ်၊ လက်ငင်းငွေပေးချေမှု စနစ်များဖြင့်ဆောင်ရွက်ပေးမည်ဖြစ်ပြီး လစဉ်အရစ်ကျငွေများအား အကျေပေးသွင်းပါက လစဉ် ၁ ဒသမ ၅ ရာခိုင်နှုန်း သက်သာခွင့်ရရှိမည်ဖြစ်သည်။ အရောင်းမြှင့်တင်ရေးကာလကို မေ ၂၉ ရက်မှ ဇွန် ၂၄ ရက်အထိ အဆိုပါ Show Room တွင် ပြုလုပ်မည်ဖြစ်ပြီး ဖုန်း-၂၅၁၉၅၁၊ ၂၅၆၀၄၇၊ ၀၉-၈၀၂၂၉၁၄၊ ၀၉-၉၉၂၇၃၈၉၊ ၀၉-၅၁၁၂၁၃၉၊ ၀၉-၅၀၅၅၂၀၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇွန် ၅

ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမျိုးမြင့်သည် စဉ့်ကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နု လိုက်ပါလျက် မေ ၁၉ ရက် နံနက် ၁၀ နာရီတွင် တရော်ပင်ကျေးရွာ ပညာပျိုးခင်းစာကြည့်တိုက်နှင့် နိုင်ငံတော်မတည်ငွေနှင့် တည်ဆောက်ပြီးစီးနေသော ရွှေပြည်ကျေးရွာ ရွှေပြည်သစ်စာကြည့်တိုက်တို့ကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ ကျေးရွာဥက္ကဋ္ဌ ဦးသန်းမြင့်ဌေးနှင့် စာကြည့်တိုက် ကော်မတီဝင်များက ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ခရိုင်ဦးစီးအရာရှိက စာအုပ်နှင့်ပရိဘောဂများ စုဆောင်းထားရှိနိုင်ရေးနှင့် စာငှားစနစ်ထားရှိဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(မြို့နယ်ပြန်/ဆက်)

ပေါင်မြို့၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ပေါင် ဇွန် ၅

မွန်ပြည်နယ် ပေါင်မြို့ ကဒုံစီးရပ်ကွက် ဒေးဗိန်အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်း ပေးအပ်ပွဲ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်ဦးစီးမှူး ဦးသက်လွင်၊ မြို့နယ်ပညာရေးမှူး ဦးအောင်မြင့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းသန္တာနှင့် မတည်အလှူရှင် ဒေါ်အေးနီလာဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** အလှူရှင်များဖြစ်ကြသော ဦးသိန်းဖေ-ဒေါ်ခင်ရီ၊ MR. JON - ဒေါ်အေးနီလာဝင်း၊ (ဦးမောင်ငြိမ်း)-ဒေါ်ကွန်စိန်၊ မင်းစိုးအောင်-ဒေါ်ဖြူဖြူဝင်း၊ ဆရာဦးခင်ရွှေ(ငြိမ်း)-ဆရာမ ဒေါ်ဇွန်အေး(ငြိမ်း) နှင့် ကျောင်းသားဟောင်းများက ကျပ်သိန်းနှစ်ရာတန်ဖိုးရှိ ကျောင်းဆောင်သစ်ကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။ (မြို့နယ်ပြန်/ဆက်)

မေ ၁၁ ရက်က လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒု-ဦးစီးမှူး (ဈေး) ဦးသန်းမြင့်စိုးနှင့်အဖွဲ့ ဈေးသည်များ စနစ်တကျမီးသုံးစွဲခြင်း ရှိ၊ မရှိ၊ စနစ်တကျမီးငြိမ်းသတ်ခဲ့ခြင်း ရှိ၊ မရှိတို့ကို လိုက်လံစစ်ဆေးဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဥတုရာသီ တောကိုမှီ၏

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် အလုံမြို့နယ်ရှိ ဝါယာလက်အော်တိုတယ်လီဖုန်းဌာနတွင် ကြည့်ရှုစစ်ဆေးစဉ်။
(ဆက်သွယ်ရေး)

ဝန်ကြီး ဦးသိန်းဇော် ရန်ကုန်မြို့ရှိ ဆက်သွယ်ရေးစခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၅

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ယနေ့တွင် ဒုတိယဝန်ကြီး ဦးသိန်းထွန်း လိုက်ပါ၍ ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ဝါယာလက်အော်တိုတယ်လီဖုန်းဌာနသို့ ရောက်ရှိစစ်ဆေးရာ သက်ဆိုင်ရာအင်ဂျင်နီယာချုပ်က ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ အသစ်တိုးချဲ့တပ်ဆင်လျက်ရှိသည့် C.D.M.A 800 E.V.D.O စက်ပစ္စည်းများ ရောက်ရှိတပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြသသည်။

ထို့နောက် ဝန်ကြီးက မိုဘိုင်းတယ်လီဖုန်းများ အရည်အသွေးပြည့်မီစွာဖြင့် ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် အထူးဂရုပြုဆောင်ရွက်သွားကြရန် လိုအပ်သည်များကို မှာကြားပြီး အသစ်ထပ်မံရောက်ရှိလာသည့် မိုဘိုင်းစက်ပစ္စည်းများ ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် WCDMA စက်ခန်းအတွင်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ အစဉ်အမြဲကြံ့ခိုင်ကောင်းမွန်စေရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဆက်သွယ်မှုလုပ်ငန်းများ တိုးတက်လျင်မြန်ချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။ အစည်းအဝေးတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည့် ဝါယာလက်အော်တိုတယ်လီဖုန်းတိုးချဲ့စီမံကိန်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တည်ဆောက်နေသည့် မြို့တွင်း ဖိုင်ဘာဆက်ကြောင်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို သက်ဆိုင်ရာ အင်ဂျင်နီယာချုပ်များက မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဌာနကြီးမှူးများနှင့် အင်ဂျင်နီယာချုပ်များက မိမိတို့ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တိုးချဲ့ဆောင်ရွက်ရန်နှင့် မိုဘိုင်းဆက်သွယ်မှုနှင့် အဝေးဆက်သွယ်မှုများ ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူး မုံရွာမြို့၌ ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများ ရှင်းလင်း

နေပြည်တော် ဇွန် ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူးသည် ဇွန် ၂ ရက် နံနက်တွင် မုံရွာမြို့ စီးပွားရေးတက္ကသိုလ်ခန်းမဆောင်၌ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအကြောင်းကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူးက မုံရွာမြို့နယ် ဇလုပ်(အနောက်) ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရန်နှင့် ကျောက္ကာ(မ)အုပ်စု စည်သာကျေးရွာ၊ ရေကန်စုကျေးရွာနှင့် ကန်မကျေးရွာ စာကြည့်တိုက်များအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌများက လက်ခံပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၆-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အင်္ဂယံမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈း၂၀ ၇။ အကပြိုင်ပွဲ
- ၈း၂၅ ၈။ ဧရာဝတီအတွက် နောက်ထပ်တံတားတစ်စင်း (ညောင်ချောင်းတံတား)
- ၈း၃၀ ၉။ ဇင်ဇင်နှင့် ခြင်ကျား
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ** (အပိုင်း-၁၄)
- ၁၂း၃၀ ၅။ Golf Magazine (TV)
- ၁၂း၅၀ ၆။ မြန်မာရုပ်ရှင် **ညြော်-မိန်းမ၊ မိန်းမ** ညွှန့်ဝင်း၊ ဦးကျောက်လုံး၊ ဦးသိန်းမောင်၊ ချိုပြုံး (ဒါရိုက်တာ-ဦးသုခ)
- ၂း၄၅ ၇။ International News
- ၂း၅၅ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၄၅ ၁။ **Myanmar National League MNL Cup (၂၀၁၀) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ကမ္ဘောဇ F.Cနှင့် မကွေး F.C)**
- ၅း၄၅ ၂။ တေးဂီတအစီအစဉ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၅။ ကာတွန်းအစီအစဉ် **BUGS' ADVENTURES** (အပိုင်း-၁၆)
- ၆း၄၀ ၆။ တစ်မျက်နှာ တစ်ကွက်စာ **အတိတ်ခါး** (အပိုင်း-၂) အံ့သစ်ကျော်၊ ရှင်းရှင်း၊ ကောင်းဈာန်သစ်၊ သီဂီထွန်း) (ဒါရိုက်တာ-ဘုန်းမျိုးကျော်)
- ၆း၅၅ ၇။ **ချစ်တတ်ကြရအောင်**
- ၇း၀၅ ၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်မိတာခွင့်လွှတ်ပါ (အပိုင်း-၁၄)**
- ၈း၀၀ ၉။ ပြည်တွင်းသတင်း
- ၁၀။ နိုင်ငံတကာသတင်းများ
- ၁၁။ မိုးလေဝသအခြေအနေ
- ၁၂။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၃၁)
- ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန်ချစ်အိပ်မက်** (အပိုင်း-၁၄)
- ၁၄။ ရုပ်သံကြော်ငြာများ
- ၁၅။ အစီအစဉ်ပြီး၏။

အမှာစကားပြောကြား

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီကရီကောလိပ် (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးဝင်းအောင် အိမ်တွင်းမှု အထူးနည်းပြသင်တန်း အမှတ်စဉ်(၂) ဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။
(နယ်စပ်/စည်ပင်)

အိမ်တွင်းမှု အထူးနည်းပြသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၅

အိမ်တွင်းမှု အထူးနည်းပြသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၅၁) ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီကရီကောလိပ် (ရန်ကုန်)ကျောင်းအုပ်ကြီး ဦးဝင်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ကြီးက သင်တန်းတွင် စံပြထူးချွန်ဆုရ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(မြိုင်ကြီးငူ)မှ အကူနည်းပြ ဒေါ်နော်ယဉ်ယဉ်ကျော်အား ထူးချွန်ဆုချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသူ ကိုယ်စားလှယ်တစ်ဦးသို့ ပေးအပ်သည်။

အိမ်တွင်းမှုအထူးနည်းပြသင်တန်းသို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ အသစ်ဖွင့်လှစ်မည့် ထို့ကော်ကိုး၊ လောက်ကိုင်၊ မြိုင်ကြီးငူ၊ ခန္တီးကျောင်းများသို့ ခန့်အပ်မည့် နည်းပြများနှင့် အင်အားဖြည့်တင်းမည့် လေရှီး၊ လဟယ်၊ နန်းယွန်းကျောင်းများ၌ ခန့်အပ်မည့် နည်းပြများဖြစ်သော သင်တန်းသူ ၂၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၂၆ ပတ်ကြာမြင့်သည်။

သင်တန်းဆင်းပွဲအပြီးတွင် ကျောင်းအုပ်ကြီးသည် ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်လျက်ရှိသည့် စီမံခန့်ခွဲရေး သင်တန်းများနှင့် စာရေးဝန်ထမ်း သင်တန်းများ၏ စာသင်ဆောင်၊ အိပ်ဆောင်၊ စားရိပ်သာနှင့် နှစ်ရှည်သီးနှံ၊ ရာသီသီးနှံစိုက်ပျိုးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာအစားအစာချက်ပြုတ်နည်း သင်တန်းသစ် ဖွင့်မည်

ရန်ကုန် ဇွန် ၅

ပြည်တွင်း ပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများ၌ တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်း၌ ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Culinary Course (နိုင်ငံတကာအဆင့်အစားအစာချက်ပြုတ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို ဇွန်လ တတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် အထောက်အကူပြုပစ္စည်း အစုံအလင်ဖြင့်စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် လိုအပ်သောအကူအညီများ အခမဲ့ကူညီ ပေးသွားမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် ဇွန်လ တတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀၂၀၃၀၂ တို့သို့ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မွန်ပြည်နယ် အခြေခံပညာဆရာ၊ ဆရာမများ ရှေးဦးပြုစုခြင်း (နည်းပြ) သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၅

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့၏ စီမံကြီးကြပ်မှုဖြင့် အခြေခံပညာ ဆရာ၊ ဆရာမများ ရှေးဦးပြုစုခြင်း (နည်းပြ) သင်တန်းဖွင့်ပွဲကို မေ ၁၁ ရက်တွင် မော်လမြိုင်မြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဇော်လင်းထွန်းက အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဒုတိယဌာနမှူး ဒေါ်ခင်ခင်ရှိန်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များမှ ဆရာ၊ ဆရာမ ၃၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သောက်သုံးရေဖြန့်ဝေ

ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးခင်မောင်ချို၏ ဦးဆောင်မှုဖြင့် အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များက ရပ်ကွက်နေပြည်သူများအား သောက်သုံးရေဖြန့်ဝေပေးစဉ်။
(မြို့နယ်စည်ပင်)

မူးယစ်ဆိုက ဆန့်ကျင်ကြ

ဒုတိယဝန်ကြီး ဦးတင့်ဆွေ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ပုံမှန်ကွေ့နှင့်ဆက်စပ်ကွေ့များအား အန္တရာယ်ရှိ၊မရှိ တိုင်းတာခြင်း၊ မြေပြန့်နှင့်ကုန်းမြင့်များ၏ မြင်ကွင်းလုံလောက်မှု မှန်ကန်မှုရှိ၊ မရှိ တိုင်းတာခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

ရန်ကုန် ဇွန် ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် လမ်းကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၇၄/၁)အနီး၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းပုံထုတ်ဌာနက ပုံမှန်ကွေ့နှင့် ဆက်စပ်ကွေ့များအား အန္တရာယ်ရှိ၊ မရှိတိုင်းတာခြင်း၊ မြေပြန့်နှင့် ကုန်းမြင့်များ၏ မြင်ကွင်းလုံလောက်မှု မှန်ကန်မှုရှိ၊ မရှိ တိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

" RAIN "ဓာတ်ပုံပြိုင်ပွဲဆုရ ဓာတ်ပုံပညာရှင်များအား ဆုပေးပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၅

Special Style Photo & Electronics နှင့် Nikon Fans Myanmar တို့ ပူးပေါင်းကျင်းပသော " RAIN " ဓာတ်ပုံပြိုင်ပွဲဆုရ ဓာတ်ပုံပညာရှင်များအား ဆုပေးပွဲ အခမ်းအနားနှင့် Nikon Fans Myanmar ၏ "မြန်မာ့ရှုခင်း" ဓာတ်ပုံပြိုင်ပွဲ မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့တွင် Nikon Fans Myanmar ရုံးအမှတ် (၃၈၈-၃၉၈) Golden Team Mansion ရိုးမဘဏ်အလုံဘဏ်ခွဲ အဆောက်အအုံ ကမ်းနားလမ်း အလုံမြို့နယ် ရန်ကုန်မြို့၌ ကျင်းပရာ အခမ်းအနားတွင် Special Style Photo & Electronics Managing Director ဦးမောင်မောင်ဝင်းက ပထမဆုရ ဦးစောအောင်မင်း (နယူးအာရှ)၊ ဦးထင်လင်း(Golding Arrow)က ဒုတိယဆုရ ဦးကျော်ကျော်ဝင်း (Mps)၊ Special Style Photo & Electronics Director ဦးဇော်မြင့်က တတိယဆုရ ဦးသန့်စင်(ရတနာပုံ)၊ တာဝန်ရှိသူများက နှစ်သိမ့်ဆုရ ဦးတင်မြင့်(စစ်ငြိမ်းပန်း)၊ ဦးပြည်စိုးထွန်းနှင့် စိုင်းခမ်းဟိန်းတို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် Nikon Fans Myanmar က ကြီးမှူးကျင်းပမည့် "မြန်မာ့ရှုခင်း" ဓာတ်ပုံပြိုင်ပွဲကို စိတ်ပါဝင်စားသူ Nikon DSLR Camera သုံးစွဲသူတိုင်း ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပြိုင်ပွဲ Form များကို စတင်ထုတ်ပေးနေပြီဖြစ်ကြောင်းနှင့် ပြိုင်ပွဲအသေးစိတ်အစီအစဉ်များကို စုံစမ်းလိုပါက Special Style Photo & Electronics Nikon Authorized Distributor အမှတ်(၁၈၄-၀၉၂)၊ အခန်း(B-1) မြေညီထပ် နှင်းဆီကွန်ဒို ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း -၂၀၀၁၃၈၊ ၃၉၇၆၁၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ ပြိုင်ပွဲ၏ Form ပိတ်ရက်သည် ဇူလိုင် ၂၁ရက် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

" RAIN " ဓာတ်ပုံပြိုင်ပွဲဆုရ ဓာတ်ပုံပညာရှင်များအား ဆုပေးပွဲတွင် Special Style Photo & Electronics Managing Director ဦးမောင်မောင်ဝင်း ပထမဆုရ ဦးစောအောင်မင်းအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၆-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း+မင်္ဂလသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"ဓမ္မအစွမ်းအံ့မခန်း" တရားတော် (ဆရာတော်ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရ)
၆း၄၅	မေတ္တာတရားနဲ့အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
၇း၀၀	MRTV-4 သတင်း
၇း၄၅	ဗီဒီယိုပြခန်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈)**
၈း၃၀	Sports World (Sunday Special)
၈း၅၅	ဥယျာဉ်မှူးတို့အစွမ်းဖြင့် ပွင့်လန်းလာမည့်ပန်းကလေးများ
၉း၁၅	Activities In The City (Follow Me & Secret အလှကုန်များ၏ ရွှေမဟာကံထူးရှင်များအား ဆုချီးမြှင့်ပွဲအခမ်းအနား
၉း၂၀	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "တတိယမြောက်သတို့သမီး"
၉း၄၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၀း၅၀	သန့်ရှင်းလတ်ဆတ်သော ဆီသန့်မှသည် ကျန်းမာရေးဆီသို့
၁၁း၂၀	Praram 9 Hospital (အပိုင်း-၂)
၁၁း၅၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၉)
၁၂း၂၅	အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာစကားဝိုင်း
၁၂း၅၅	ကလောဈေးနေ့
၁း၀၀	"ဓမ္မအစွမ်းအံ့မခန်း" တရားတော် (ဆရာတော်ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	စကားနပန်း (အချောင်ရတာကောင်းတယ်၊ အချောင်မရတာကောင်းတယ်)
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈)**
၄း၁၅	ဥယျာဉ်မှူးတို့အစွမ်းဖြင့် ပွင့်လန်းလာမည့်ပန်းကလေးများ
၄း၄၀	သန့်ရှင်းလတ်ဆတ်သော ဆီသန့်မှသည် ကျန်းမာရေးဆီသို့
၅း၀၅	သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ရှယ်လီထွား)
၆း၅၅	Praram 9 Hospital (အပိုင်း-၂)
၇း၂၀	FMF Selection
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (အချောင်ရတာကောင်းတယ်၊ အချောင်မရတာကောင်းတယ်)
၉း၃၀	**MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈)**
၁၀း၀၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၉)
၁၀း၂၅	ဗီဒီယိုပြခန်း
၁၀း၄၀	သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
၁၀း၅၅	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ရှယ်လီထွား)
၁၁း၃၀	စိတ်ချယုံကြည် Global Wave Technology
၁၁း၄၀	Activities In The City (Follow Me & Secret အလှကုန်များ၏ ရွှေမဟာကံထူးရှင်များအား ဆုချီးမြှင့်ပွဲအခမ်းအနား
၁၁း၅၀	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "တတိယမြောက်သတို့သမီး"
၁၂း၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မိုးရာသီ အထူးဈေးရောင်းပွဲတော် အကြိုစာနယ်ဇင်း ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၅

Concordia International Co., Ltd.နှင့် Fortune International Limited တို့ ဇွန်လအတွင်း ပူးပေါင်းကျင်းပမည့် မိုးရာသီအထူးဈေးရောင်းပွဲတော် အကြိုစာနယ်ဇင်းရှင်းလင်းပွဲကို မေ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း ပန်းဘဲတန်းမြို့နယ်ရှိ Central Hotel ၌ ကျင်းပသည်။

အဆိုပါ မိုးရာသီအထူးဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel ၌ ဇွန် ၁၆ ရက်မှ ၁၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း။

ဈေးရောင်းပွဲတော်တွင် Concordia International Co., Ltd. က Fuji Xerox အမှတ်တံဆိပ် ရုံးလုပ်ငန်းသုံး ကာလာလေဆာ Copier၊ Printer Scanner၊ Fax များ၊ Ao Size Plotter များ၊ ကျန်းမာရေးအထောက်အကူပြု ဆေးရုံလုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ သွေးချိုတိုင်းကိရိယာ၊ သွေးပေါင်ချိန်တိုင်းစက်များ၊ Oxygen Concentrator၊ Patient Monitor များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး မြေတိုင်းပစ္စည်းများဖြစ်သော Topcon အမှတ်တံဆိပ် RTK နည်းပညာသုံး Differential GPS များ၊ Total Station များ၊ Digital Theodolite များ၊ Auto Level များ၊ Garmin အမှတ်တံဆိပ် GPS များ၊ Ohaus ဒစ်ဂျစ်တယ်ချိန်ခွင်များ၊ ELE မြေကြီးနှင့် Concrete အရည်အသွေးစမ်းသပ်သည့် စက်များနှင့် Fortune International Co., Ltd.က Korea နိုင်ငံလုပ် SIGMA ဓာတ်လှေကားများ၊ စက်လှေကားများ၊ အသည်းဆေး၊ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး၊ (Livovax-B)၊ Cycloferon နှင့် Reamberin၊ Albumin၊ တယ်လီဖုန်းလိုင်းခွဲ အိတ်ချိန်းများ၊ လက်ကိုင်ဖုန်းများ၊ GSM Access Kit များ၊ မွေးမြူရေးဆေးဝါးနှင့် အစားအစာများ၊ ပိုးသတ်ဆေးများနှင့် မြန်မာဘာသာဖြင့် အသုံးပြုနိုင်သည့် ရေလုပ်ငန်းသုံး ကိုရီးယားနိုင်ငံမှ Samyung Navigation & Communication ပစ္စည်းများကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း အသေးစိတ်သိရှိလိုပါက Concordia International Co., Ltd. ရန်ကုန်မြို့ 3rd & 5th Floor, ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း- ၀၉-၈၀၃၁၃၇၃၊ ၀၉-၉၉၂၈၈၁၇၊ မန္တလေးမြို့တွင် အမှတ်(၅)မြေညီထပ် SY အဆောက်အအုံ လမ်း ၃၀၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၉-၅၀၆၇၁၇၂၊ ၀၂-၃၆၄၇၈ နှင့် နေပြည်တော်တွင် အမှတ်(၁၄၄) သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၉-၄၉၂၀၀၉၄၈၊ ၀၆၇-၄၂၀၈၁၉၊ Fortune International Co., Ltd. ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၁၃၉၂-၄၊ မန္တလေးမြို့ ချမ်းအေးသာစံ ဖုန်း-၀၂-၃၉၆၃၁-၃၂၊ နေပြည်တော် သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၁၈၃၊ ၀၆၇-၄၂၁၈၅ တို့တွင် ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်



ရှင်းလင်းပွဲကျင်းပ

Concordia International Co., Ltd.နှင့် Fortune International Limited တို့ ဇွန်လအတွင်း ပူးပေါင်းကျင်းပမည့် မိုးရာသီအထူး ဈေးရောင်းပွဲတော် အကြိုစာနယ်ဇင်း ရှင်းလင်းပွဲကျင်းပစဉ်။

(သတင်းစဉ်)

ဆိပ်ကြီးခနောင်တိုမြို့နယ်၌ စီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၅

စတုတ္ထကာလတို ငါးနှစ်စီမံကိန်း၏ ပဉ္စမနှစ်ဖြစ်သော ၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဆိပ်ကြီးခနောင်တိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ မေ ၂၆ ရက်တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းတာဝန်ခံက ၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်းဆိုင်ရာများ ရှင်းလင်းတင်ပြပြီးနောက် သက်ဆိုင်ရာကဏ္ဍတာဝန်ခံများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောညီညီထွေးနှင့် မြန်မာ့ဆက်သွယ်ရေး စခန်းမှူး ဦးဟန်မြတ်ဦးတို့က **(အောက်ပုံ)** စီမံကိန်း တာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

❍ ကျောဖုံးမှ

တာဝန်ရှိသူတစ်ဦးက ဟသ်ာတမြို့ ဧရာဝတီမြစ်ကမ်း ကာကွယ်ထိန်းသိမ်းခြင်းနှင့် GEO Tube တပ်ဆင်၍ တာပိုးခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဇလွန်မြို့ မြို့မရပ်ကွက်ရှိ ဆန်တန်းတာ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ဇလွန်မြို့ မြစ်ကမ်းထိန်း လုပ်ငန်းများနှင့် ကမ်းပြိုပျက်စီးမှု ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မြစ်ရေကြီးမှုအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အဆင့်ဆင့်လုပ်ဆောင်ရန်များနှင့်စပ်လျဉ်း၍ မှာကြားသည်။

ဟသ်ာတ-ညောင်တုန်း ရထားလမ်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဇလွန်မြို့ရှိ ဟသ်ာတ-ညောင်တုန်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းတာဝန်ခံက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညောင်တုန်းမြို့နယ်ရှိ ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ဘိုးပိုင်အောက်ခြေ RP(11) (16) (19) (20) (21) သံကူကွန်ကရစ် သွန်းလောင်းပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လိုအပ်သည်များကို မှာကြားပြီး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

လေးကျွန်းကန်တော်ကြီးလှပရေး

ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဇွန် ၂ ရက်တွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ပဲခူးတိုင်း တောင်ငူမြို့ လေးကျွန်းကန်တော်ကြီး သန့်ရှင်းသာယာလှပရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ယာယီရှင်းလင်းဆောင်၌ မြန်မာ့မီးရထား အမှတ်(၅) တိုင်းတာဝန်ခံနှင့် စီမံကိန်း အင်ဂျင်နီယာများက ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်ပြီးစီးမှု အခြေအနေများအား မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ယင်းနောက် တောင်ငူမြို့ လေးကျွန်းကန်တော်ကြီး သန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက လုပ်ငန်းအလိုက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျုံးပတ်လမ်းတစ်လျှောက်နှင့် ဘုရင့်နောင်ကြေးရုပ်တု ရင်ပြင်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သန့်ရှင်းသာယာလှပရေးနှင့် လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း အသက်(၁၉)နှစ်အောက်

အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၅

၂၀၁၀ ခုနှစ် (၁၁)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက် (၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီတွင် မန္တလေးမြို့ အောင်မြေမန္တလာအားကစားပြိုင်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ အထက်မြန်မာပြည်ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဗိုလ်လုပွဲတွင် ကယားပြည်နယ် ဘောလုံးအသင်းနှင့် မကွေးတိုင်း ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကယားပြည်နယ်အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ ဗိုလ်စွဲသွားသည်။

တတိယဆု

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်က တတိယဆုရ ကရင်ပြည်နယ်အသင်းအား လည်းကောင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက ဒုတိယဆုရ မကွေးတိုင်း အသင်းအားလည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်က ပထမဆုရ ကယားပြည်နယ် အသင်းအား လည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မန္တလေးတိုင်း စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဖုန်းဇော်ဟန်က အကောင်းဆုံး ဂိုးသမားဆုရ ရန်ကျော်မင်း (ရှမ်းမြောက်)၊ အကောင်းဆုံး နောက်တန်းဆုရ သီဟစိုး(မကွေးတိုင်း)၊ အကောင်းဆုံး အလယ်တန်းဆုရ စောနေနေ(ကရင်ပြည်နယ်)၊ အကောင်းဆုံး ရှေ့တန်းဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရ အောင်ကျော်ထွေး (ကယားပြည်နယ်)တို့အား ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

အသန့်ရှင်းဆုံးအသင်းဆု

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က အသန့်ရှင်းဆုံးအသင်းဆုရ မကွေးတိုင်း အသင်းအား ဆုဖလားနှင့် ငွေသားဆု ကျပ်တစ်သိန်း၊ တတိယဆုရ ကရင်ပြည်နယ်အသင်းအား ငွေသားဆု ကျပ်သုံးသိန်းနှင့် ဒုတိယဆုရ မကွေးတိုင်း အသင်းအား ငွေသားဆု ကျပ်ခြောက်သိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက ပထမဆုရ ကယားပြည်နယ်အသင်းအား ဆင့်ပွားဖလား၊ တံခွန်စိုက်ဖလားနှင့် ငွေသားဆု ကျပ် ၁၀ သိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့အပြင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကယားပြည်နယ်အသင်းအား ငွေကျပ်သုံးသိန်း၊ မကွေးတိုင်းအသင်းအား ငွေကျပ် နှစ်သိန်းနှင့် ကရင်ပြည်နယ်အသင်းအား ငွေကျပ်တစ်သိန်းတို့ကို လည်းကောင်း၊ ရတနာပုံဘဏ်က ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ရရှိကြသော အသင်းသုံးသင်းအား ငွေကျပ် တစ်သိန်းစီကိုလည်းကောင်း၊ မြန်မာကိုင်ဒိုကုမ္ပဏီက ဒုတိယဆုရ မကွေးတိုင်းအသင်းအား ငွေကျပ် ငါးသိန်းကိုလည်းကောင်း အသီးသီး ထပ်မံချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆုပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ၂၀၁၀ ခုနှစ် (၁၁)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက် (၁၉)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲတွင် အသန့်ရှင်းဆုံး အသင်းဆုရ မကွေးတိုင်း အသင်းအား ဆုပေးအပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့် မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။

၂။ ရိတ်သိမ်းပြီး ကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်း ခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။

၃။ ခြွေလှေ့ပြီးစပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။

၄။ ရိတ်-ခြွေ-သိမ်းလုပ်ငန်းများကို ဆက်တိုက်မဆောင်ရွက်ပါက တစ်ကေလျှင် အနည်းဆုံး စပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါး စိုက်ဧက ၁၇ သန်းမှ စပါးတင်းသန်းပေါင်း ၅၁ သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါး ပမာဏသည် လူဦးရေ ၃ ဒသမ ၄ သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသော ဆန်များ ဆန်အရည်အသွေး ညံ့ဖျင်းခြင်း၊ ဆန်အကျိုး အကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။

၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်းလုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

❂ ပြာမှုန်တိမ်တိုက်မှ

ကိုရီယားကို စမ်းသပ်တပ်ဆင်မည် ဖြစ်ကြောင်း အီးဇီးဂျက်လေကြောင်းဌာန အမှုဆောင်အရာရှိချုပ် အင်ဒီဟာရစ်ဆန်က ပြောကြားသည်။

မီးတောင်ဆိုင်ရာ ပြာမှုန်တိမ်တိုက်များအား ၆၂ မိုင်အကွာမှ ထောက်လှမ်းဖော်ထုတ်ပေးနိုင်မည့် ကိရိယာကို လေကြောင်းဌာနတစ်ခု၏ လေယာဉ်များတွင် တပ်ဆင်ရန် စီစဉ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

လေကြောင်း ရာသီဥတုရေဒါစနစ်များနှင့် ရာသီဥတုမြေပုံများသည် မိုးကြိုးမုန်တိုင်းများကို ထောက်လှမ်းသိရှိနိုင်သကဲ့သို့ ပြာမှုန်တိမ်တိုက်များအား လေ့လာဖော်ထုတ်ပေးမည့်ကိရိယာသည် မီးတောင်များမှ မှုတ်ထုတ်သော ပြာမှုန်များ လွင့်မျောလာနေမှုကို ကြိုတင်သိရှိနိုင်မည်ဖြစ်ကြောင်း ဟာရစ်ဆန်က ပြောကြားသည်။

ပြာမှုန်တိမ်တိုက်များသည် လေယာဉ်များသွားလာမှုကို ဘေးဒုက္ခပေးနိုင်ကြောင်း၊ ပြာမှုန်တိမ်တိုက်များကြောင့် လေယာဉ်မတော်တဆမှုများ မပေါ်ပေါက်စေရန် နည်းလမ်းရှာကြရန် လိုအပ်ကြောင်း ဗြိတိန်မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့၏ အမှုဆောင်အရာရှိချုပ် အင်ဒရူးဟိန်းက ပြောကြားသည်။

ပြာမှုန်တိမ်တိုက်ထောက်လှမ်းဖော်ထုတ်ရေးကိရိယာသည် မြို့ပြလေကြောင်း သွားလာမှုတွင် တီထွင်ဆန်းသစ်မှုတစ်ရပ်ဖြစ်သည်။

ပြီးခဲ့သည့် ဧပြီလက အိုက်စလန်နိုင်ငံရှိ မီးတောင်တစ်လုံးမှ ပြာမှုန်တိမ်တိုက်များကို မှုတ်ထုတ်ခဲ့ရာ ဥရောပတစ်ဝန်း ပျံသန်းသည့် လေကြောင်းခရီးစဉ် ၁၀၀,၀၀၀အထိနှင့် ခရီးသည် ရှစ်သန်းအထိ ထိခိုက်ခဲ့ရသည်။ ***အင်တာနက်။***

မေ ၂၈ ရက်က ဒိုက်ဦးမြို့ အမှတ်(၄)ရပ်ကွက် ဖအောင်ဝဲလမ်း ကန်ဦး အထက ပညာရေးပဒေသာပင် ဖောင်ဒေးရှင်းခန်းမဆောက်လုပ်ရေးအတွက် ရန်ကုန်မြို့နေ ဦးအေးကြည်-ဒေါ်တင်နုမိသားစုက ကွယ်လွန်သူမိဘများအား ရည်စူး၍ အလှူငွေကျပ် ၁၇ သိန်းကို ဖောင်ဒေးရှင်းရုံးသစ်၌ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်မြင့်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မေ ၂၉ ရက်က လမ်းမတော်မြို့နယ် အမှတ်(၁)ရပ်ကွက် (၃)လမ်းတွင် သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဆင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ကောင်စီအဖွဲ့ဝင်များ၊ ပြည်သူများမှ ဆောင်ရွက်နေမှုကို ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူဇော် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်သည် ဇွန် ၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသော ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် ဝန်ထမ်းများ အရည်အသွေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးဆောင်ရွက်ပေးရန်၊ အခွန်ဘဏ္ဍာငွေများကို စနစ်တကျ ကောက်ခံရန်နှင့် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲရန်၊ လူအင်အားအသုံးပြုသည့် စနစ်မှ စက်ယန္တရားသို့ ပြောင်းလဲအသုံးပြုရန်အတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရန်၊ ကျေးလက်အိမ်ရာ တည်ဆောက်မှုများကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရန် စသည်ဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးတင်ငွေက စည်ပင်သာယာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းစီမံချက် စနစ်တကျရေးဆွဲရေး၊ အင်ဂျင်နီယာပိုင်းဆိုင်ရာများ၊ အရည်အသွေးထိန်းသိမ်းဆောင်ရွက်ရေးဆိုင်ရာများကို မှာကြားသည်။

ယင်းနောက် စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ၂၀၀၉-၂၀၁၀ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်/တိုင်း စည်ပင်သာယာရေးအဖွဲ့များမှ နှစ်ပတ်လည်အစီရင်ခံစာအပေါ် သုံးသပ်၍ ကဏ္ဍကြီး ငါးရပ်ခွဲခြားပြီး စည်ပင်သာယာရေးအဖွဲ့များဖွဲ့စည်းခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာများ၊ ဘဏ္ဍာရေးဆိုင်ရာ၊ မြို့ပြနှင့် ကျေးလက်အင်ဂျင်နီယာလုပ်ငန်းဆောင်ရွက်ချက်များ၊ ဥပဒေ၊ အခွန်နှင့် စစ်ဆေးခြင်းဆိုင်ရာတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်းက မြူနီစီပယ် အမှိုက်ပေါင်းစည်း စီမံခန့်ခွဲမှုစာတမ်း၊ အင်ဂျင်နီယာမှူး ဦးသန်းထွန်းအောင်က ကျေးလက်ဒေသအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရေးနှင့် စီမံခန့်ခွဲမှုစာတမ်း၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ဇေယျာလင်းက လမ်းတည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲမှုစာတမ်း၊ လက်ထောက်ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) ဦးကိုကိုမောင်က ဆောက်လုပ်ရေးလုပ်ငန်းသုံးယန္တရားများ ကိုင်တွယ်ထိန်းသိမ်းခြင်းစာတမ်းတို့ကို ဖတ်ကြားကြရာ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြပြီး အစည်းအဝေးပထမနေ့ အစီအစဉ်များကို ရပ်နားသည်။

အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို မေ ၃ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးစိုးစိုးဦးက ခရိုင်ချင်းဆက်လမ်းများ အကောင်အထည်ဖော်မှုအပေါ် လေ့လာသုံးသပ်ချက်စာတမ်း၊ အင်ဂျင်နီယာမှူး ဦးမျိုးကျော်စိုးက အပူပိုင်းဒေသ ကျေးလက်ရေရရှိရေးလုပ်ငန်း(၁၀)နှစ်စီမံကိန်း (၂၀၀၀-၀၁ မှ ၂၀၀၉-၁၀) အကောင်အထည်ဖော် ဆောင်ရွက်မှုအပေါ် လေ့လာသုံးသပ်ချက်စာတမ်း၊ လက်ထောက်အင်ဂျင်နီယာ ဦးသန့်ဇော်လွင်က ရေငန်ဒေသသန့်ရှင်းသောသောက်သုံးရေရရှိရေးဆောင်ရွက်နိုင်သောနည်းလမ်းများစာတမ်း၊ လက်ထောက်အင်ဂျင်နီယာ ဒေါ်ယဉ်ယဉ်မြင့်က သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် အရန်သောက်သုံးရေရရှိရေး ဆောင်ရွက်မည့် နည်းလမ်းများ စာတမ်းတို့ကို ဖတ်ကြားကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးတင်ငွေနှင့် တာဝန်ရှိသူများက ဖတ်ကြားခဲ့သည့် ပြည်ပနိုင်ငံများမှ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းအတွေ့အကြုံစာတမ်းများ၊ လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ စာတမ်းများနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ရပ်နားသည်။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ၁၉၈၈ ခုနှစ်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ ကျေးလက်လမ်း ၁၀၉၆၁မိုင်၊ ကျေးလက်တံတား ၇၃၃၄ စင်းနှင့် မြို့ပြလမ်း ၅၆၁၅ မိုင်၊ မြို့ပြတံတား ၃၇၆၁ စင်း၊ ကျေးလက်နှင့် မြို့ပြလမ်း စုစုပေါင်း ၁၆၅၇၆ မိုင်နှင့် တံတားစုစုပေါင်း ၁၁၀၉၅ စင်းတို့ကို တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး(၁၀)နှစ်စီမံကိန်းကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ဆောင်ရွက်ခဲ့ရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်ကုန်အထိ အပူပိုင်းဒေသတိုင်းသုံးတိုင်းတွင် ကျေးရွာ ၈၀၄၂ ရွာ၊ ကျန်ပြည်နယ်နှင့် တိုင်းများတွင် ကျေးရွာ ၁၅၁၈၃ ရွာ အားလုံး၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်သည့်အတွက် ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ခရိုင်ချင်းဆက်လမ်းအမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)တို့ကို ဖောက်လုပ်လျက်ရှိရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)တွင် လမ်းအရှည် ၃၂၆ မိုင် ၅ ဖာလုံကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီး ၁၉၄ မိုင်ကို ကတ္တရာလမ်းအဖြစ် လည်းကောင်း၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)တွင် ကတ္တရာလမ်း ၁၄၈ မိုင် ၅ ဖာလုံနှင့် ကျောက်ချောလမ်း ၂၁၄ မိုင် ၄ ဖာလုံကို လည်းကောင်း၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၃)တွင် မြေသားလမ်း ၁၄၉ မိုင် ၃ ဖာလုံနှင့် ကျောက်ချောလမ်း မိုင် ၇၀ ၃ ဖာလုံကိုလည်းကောင်း အသီးသီး ဆောင်ရွက်ပေးခဲ့ကြောင်း။

ဆက်လက်၍ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၁)တွင် ကတ္တရာလမ်း ၁၀ မိုင်၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)တွင် ကတ္တရာလမ်း မိုင်၃၀ ၆ဖာလုံ၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၃)တွင် ကတ္တရာလမ်း ၂၆ မိုင်၊ ကျောက်ချောလမ်း ၁၇ မိုင်နှင့် မြေသားလမ်း ၁၇ မိုင်တို့အား လျာထားဆောင်ရွက်သွားရန်ရှိကြောင်း။

ထို့အပြင် စည်ပင်သာယာရေးအဖွဲ့များသည် ရေရှည်တွင် ပူပြင်းခြောက်သွေ့သည့် နွေရာသီများ၌ သောက်သုံးရေပြတ်လပ်မှုအခက်အခဲ မရှိစေရေးအတွက် မြို့ရေပေးရေး လုပ်ငန်းများ အဆင့်မြှင့်တင် ဆောင်ရွက်ရေး၊ ကျေးလက်ဒေသများတွင် သောက်သုံးရေရရှိရေးလုပ်ငန်းများကို ပြန်လည်သုံးသပ်ပြီး လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုတ်သုံလေ အားအနည်းငယ်မှ အသင့်အတင့်ရှိမည်

ရန်ကုန် ဇွန် ၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(သပြေကုန်း)တွင် သုည ဒသမ ၆၇ လက်မ၊ သံတောင်ကြီးမြို့တွင် ၇ ဒသမ ၅၁ လက်မ၊ ရွှေဘိုမြို့တွင် ၂ ဒသမ ၈၄ လက်မ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ မုံရွာမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ ရွှေကျင်မြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ပြင်ဦးလွင်မြို့၊ မန္တလေးမြို့၊ ဘီးလင်းမြို့နှင့် ကျိုက်မရောမြို့တို့တွင် ၁ ဒသမ ၁၈ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

ဇွန် ၆ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၅ ဒသမ ၀ ဒီဂရီစင်တီဂရိတ်)၉၅ ဒီဂရီဖာရင်ဟိုက်	၄-၆-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၆ ဒသမ၅ ဒီဂရီစင်တီဂရိတ်)၈၀ ဒီဂရီဖာရင်ဟိုက်	၅-၆-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၈ ရာခိုင်နှုန်း	၅-၆-၂၀၁၀
နေပူသည့်နာရီပေါင်း ၂ ဒသမ ၈ နာရီခန့်	၄-၆-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၅-၆-၂၀၁၀	မရှိပါ	မရှိပါ	Tr
၁-၁-၂၀၁၀ မှ	၃၀၄ မမ	၃၀၈မမ	၃၂၈မမ
ယနေ့အထိ	(၁၁. ၉၇ လက်မ)	(၁၂. ၁၃ လက်မ)	(၁၂. ၉၁ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၄-၆-၂၀၁၀ ရက် ၁၂း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်း တိုက်ခတ်သည်။

မော်လမြိုင် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ
စေတနာရှင်များက စာရေးကိရိယာများနှင့် အလှူငွေများ ပေးအပ်

ရန်ကုန် ဇွန် ၅

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားနှင့် စေတနာရှင်များက စာရေးကိရိယာများနှင့် အလှူငွေ ပေးအပ်ပွဲကို မေ ၃၁ ရက်တွင် မော်လမြိုင်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပြည်နယ်ပညာရေးမှူး ဦးမျိုးဆွေက ပြည်နယ်အတွင်း ကျောင်းအပ်နှံမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇော်လင်းထွန်းနှင့် အမှတ်(၁) အခြေခံပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာ) ဦးတင်ငြေ တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ငွေကျပ် ၂၂၀၀၀၀ တန်ဖိုးရှိ ဗလာစာအုပ် ဒါဇင်၁၀၀ကို ပြည်နယ် အတွင်းရေးမှူးက ပေးအပ်လှူဒါန်းရာ ပြည်နယ်ပညာရေးမှူး ဦးမျိုးဆွေက လက်ခံသည်။

ဆက်လက်၍ အလှူရှင်များနှင့် စေတနာရှင် မိဘများက စုစုပေါင်း ငွေကျပ် ၁၆၈၅၄၈၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ်အတွင်းရေးမှူးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေသော သူငယ်တန်းကျောင်းသုံးပုံနှိပ်စာအုပ် အစုံ ၃၃၀၀နှင့် ဗလာစာအုပ် ၂၈၄ ဒါဇင်တို့ကို ဒုတိယညွှန်ကြားရေးမှူး ဦးတင်ငြေက ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးအောင်စိုးမြင့်က လက်ခံသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ မရမ်းကုန်းရပ်ကွက် ကျောင်းအပ်နှံရေး အခမ်းအနားသို့ တက်ရောက်ကြပြီး ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအား ပုံနှိပ်စာအုပ်များကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပဒေသာဈေးကြီးအတွင်း မီးဘေးလုံခြုံရေးအတွက် မီးကြိုးများ သွယ်တန်းထားရှိမှုနှင့် မီးလိုင်းများ စနစ်တကျထားရှိမှုတို့ကို အမှုဆောင်အရာရှိ ဦးခင်မောင်မြင့် ဦးဆောင်မှုဖြင့် ဈေးကော်မတီအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှနိုင်နှင့် ဒုတိယဦးစီးမှူး(ဈေး) ဦးဝင်းအောင်သူတို့ မေ ၂၅ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကျောင်းအပ်နှံရေးနေ့၌ BETTER WORLD ဗလာစာအုပ်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၅

ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာဦးစီးဌာန ဧရာဝတီတိုင်း တိုင်းပညာရေးမှူးရုံးက ဦးစီး၍ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဧရာဝတီတိုင်း၏ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက်တွင် ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပရာ ယင်းအခမ်းအနားတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးကို အထောက်အပံ့ဖြစ်စေရန်အတွက် ဒေါက်တာအောင်ဝင်းမောင်-ဒေါ်မြင့်မြင့်စိန်(BETTER WORLD ဗလာစာအုပ်လုပ်ငန်း Delta Diamond International Co., Ltd.) တို့က ငွေကျပ် ငါးသိန်းကျော် တန်ဖိုးရှိ BETTER WORLD ဗလာစာအုပ် ၃၃၈ ဒါဇင်နှင့် နာဂစ်လေမုန်တိုင်းဒဏ်ခံခဲ့ရသည့် ဧရာဝတီတိုင်း ငပုတော မြို့နယ်၊ လပွတ္တာမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ် အခြေခံပညာ ကျောင်းများအတွက် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိသော BETTER WORLD ဗလာစာအုပ်များ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့စည်းရုံးရေးနယ်မြေရှိ အမှတ်(၂)ရပ်ကွက်မှ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁ ရက်က နောင်တော်ကြီးသီလရက္ခိတမဏ္ဍာရုံ၌ ကျင်းပရာ လှိုင်သာယာရဲစခန်း စခန်းမှူး ရဲအုပ်လှအောင် မူလတန်းနှင့် အလယ်တန်းကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်စဉ်။

(၃၂၉)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှု

ကျော်ကျော်လှိုင် (SMART)

ကမ္ဘာကြီးပူနွေးလာသည့်အတွက် ဝင်ရိုးစွန်းရှိရေခဲများ အရည်ပျော်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းများ ဖြစ်ပေါ်လာရသည်ကို ယနေ့ သတင်းများ၊ စာစောင်များတွင် တွေ့မြင်နေရသည်။

ကမ္ဘာကြီးပူနွေးလာရသည်မှာ မည်သည့်အကြောင်းကြောင့်လဲ။ ကမ္ဘာပေါ်ရှိ လေထုထဲတွင် အပူထိန်းဓာတ်ငွေ့(Green House Gas)ရှိပြီး အပူထိန်းဓာတ်ငွေ့တွင် အောက်ပါအချိုးအစားအတိုင်း ဓာတ်ငွေ့များ ပါဝင်သည် -

- ရေခိုးရေငွေ့ ၃၆-၇၂ ရာခိုင်နှုန်း
- ကာဗွန်ဒိုင်အောက်ဆိုဒ် ၉-၂၆ ရာခိုင်နှုန်း
- မီသိန်းဓာတ်ငွေ့ ၄-၉ ရာခိုင်နှုန်း
- အိုဇုန်းဓာတ်ငွေ့ ၃-၇ ရာခိုင်နှုန်း
- CFC,SF_6 အစရှိသည့် စက်မှုသုံးဓာတ်ငွေ့များ။

နေရောင်ခြည်စွမ်းအင်သည် ကမ္ဘာပေါ်သို့ ကျရောက်လာသောအခါ



အချို့သည် အပူလှိုင်းအဖြစ် အာကာသထဲသို့ ပြန်ထွက်သွားပြီး အချို့အပူလှိုင်းများကို အပူထိန်းဓာတ်ငွေ့များက ဖမ်းယူထားသဖြင့် လေထုထဲတွင် အပူချိန်မြင့်လာသည်။

အပူထိန်းဓာတ်ငွေ့သည် ကမ္ဘာကြီး၏အပူချိန်ကို သက်သောင့်သက်သာနေနိုင်သော အပူချိန်ဖြစ်အောင် ထိန်းထားသည်။ ကမ္ဘာ၏ ပျမ်းမျှအပူချိန်သည် အပူထိန်းဓာတ်ငွေ့ကြောင့် ၅၇ ဒီဂရီဖာရင်ဟိုက်ဖြစ်သော်လည်း အပူထိန်းဓာတ်ငွေ့မရှိလျှင်(-)(၀ ဒသမ ၄)ဒီဂရီဖာရင်ဟိုက်သို့ ကျဆင်းသွားမည်ဖြစ်သည်။

အပူထိန်းဓာတ်ငွေ့သည် ရှိသင့်သောပမာဏထက် ပိုလာသောအခါ ကမ္ဘာကြီး၏ အပူချိန်သည် မြင့်တက်လာပြီး ကမ္ဘာကြီးသည် ပူနွေးလာပါသည်။ အောက်ပါအချက်များသည် ကမ္ဘာကြီးကိုပူနွေးစေသော တစ်နည်းအားဖြင့် အပူထိန်းဓာတ်ငွေ့ပမာဏကို တိုးလာစေသော အချက်များဖြစ်သည် -

(က) ဒီဇယ်၊ ဓာတ်ဆီ၊ ကျောက်မီးသွေးတို့လောင်ကျွမ်းမှု

ဒီဇယ်၊ ဓာတ်ဆီ၊ ကျောက်မီးသွေးတို့လောင်ကျွမ်းမှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ လေထုထဲတွင် များလာစေသည်။ လူတို့ကြောင့် တိုးလာသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ၂၅ ရာခိုင်နှုန်းသည် သယ်ယူပို့ဆောင်ရေးကြောင့်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ကားပေါင်း သန်း ၇၅၀ က ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ၂ ဒသမ ၂၅ တန် နှစ်စဉ် ထုတ်လုပ်သည်။

(ခ) သစ်တောများပြုန်းတီးမှု

သစ်တောများကို အလွန်အကျွံခုတ်ခြင်း၊ တောမီးလောင်ခြင်းတို့ကြောင့် သစ်တောများ ပြုန်းတီးရသည်။ သစ်ပင်များသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူပြီး အောက်ဆီဂျင်ကို ထုတ်လွှတ်သည်။ သစ်တောများ ပြုန်းတီးလာသောအခါ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူမှုနည်းသွားသည်။ နှစ်စဉ် ကမ္ဘာပေါ်တွင် သစ်တောဧက ၁၈ သန်းခန့် ဆုံးရှုံးနေသည်။

(ဂ) နွား၊ သိုး၊ ဝက်တို့ကို စီးပွားဖြစ် အမြောက်အမြားမွေးမြူခြင်း

မွေးမြူရေးမှထွက်ရှိသော မီသိန်းဓာတ်ငွေ့သည် အပူကို စုပ်ယူမှုအားကောင်း၍ ကမ္ဘာကြီးကို ပူနွေးစေ၏။

(ဃ) ဓာတ်မြေသြဇာများ အလွန်အကျွံသုံးစွဲမှု

မီသိန်းဓာတ်ငွေ့နှင့် ဓာတ်မြေသြဇာများသုံးစွဲမှုမှ ထွက်ရှိသော နိုက်ထရပ်အောက်ဆိုဒ် အပူထိန်းဓာတ်ငွေ့သည် ကမ္ဘာပေါ်တွင် လူတို့ကြောင့် တိုးလာသော အပူထိန်းဓာတ်ငွေ့၏ ၁၅ ရာခိုင်နှုန်း ဖြစ်သည်။

(င) လေအေးစက်၊ ရေခဲသေတ္တာ၊ အအေးခန်းတို့တွင် အသုံးပြုသော CFC Chlorofluorocarbon ဓာတုပစ္စည်း။

လေ့လာတွေ့ရှိချက်များအရ လေထုထဲတွင် အပူထိန်းဓာတ်ငွေ့သည် ၁၉၇၀ မှ ၂၀၀၄ ခုနှစ်အထိ နှစ်ပေါင်း ၃၄ နှစ်အတွင်း ၇၀ ရာခိုင်နှုန်း တိုးလာသည်။ ၁၈၅၀ မှ ၂၀၀၅ ခုနှစ်အတွင်း အပူချိန်သည် ၀ ဒသမ ၇၆ ဒီဂရီစင်တီဂရိတ် တိုးလာသည်။ ၂၁ ရာစုမကုန်မီ အပူချိန်သည် ၄ ဒီဂရီမှ ၆ ဒသမ ၄ ဒီဂရီစင်တီဂရိတ်အထိ တိုးလာနိုင်သည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းကြသည်။ ၁၉၉၀ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း အပူချိန်အမြင့်ဆုံးနှစ် ၁၀ ကြိမ် ဖြစ်ပေါ်ခဲ့သည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတု ပြောင်းလဲခြင်းများသည် ကမ္ဘာပေါ်တွင် နေရာဒေသတိုင်း၌ ဖြစ်ပေါ်နေပါသည်။ ဆိုင်ကလုန်းမုန်တိုင်းများ ပိုမိုဖြစ်ပေါ်လာပြီး ဖြစ်ပေါ်လာသည့် ဆိုင်ကလုန်းမုန်တိုင်းများသည် ပိုမိုအားကောင်းလာသည်။ ကမ္ဘာပေါ်တွင် ၁၉၇၀ ခုနှစ်က အားကြီးသည့် မုန်တိုင်းရှစ်ခုသာ ဖြစ်ပေါ်ခဲ့သော်လည်း ၂၀၀၄ ခုနှစ်တွင် ၁၈ခု ဖြစ်ပေါ်ခဲ့သည်။ အယ်လ်နီညိုသည် ကမ္ဘာကြီးပူနွေးမှုကြောင့် ဖြစ်ပေါ်ခြင်း မဟုတ်သော်လည်း အယ်လ်နီညိုဖြစ်ပေါ်မှုများ စိပ်လာသည်ကို တွေ့ရှိရ၏။ တချို့ဒေသများတွင် မိုးခေါင်မှုများဖြစ်ပေါ်ပြီး တချို့ဒေသများတွင် မိုးရွာသွန်းမှုများခြင်းကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်းတို့နှင့် ကြုံတွေ့ရ၏။

တရုတ်နိုင်ငံ ပေကျင်းမြို့၊ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့နှင့် အမေရိကန်ပြည်ထောင်စု တက္ကဆပ်ပြည်နယ်တို့တွင်လည်း ယခုနှစ် ဆောင်းရာသီတွင် ဆီးနှင်းများ မကြုံစဖူး ထူးကဲစွာ ကျရောက်ခဲ့၏။ ဥရောပနိုင်ငံများတွင်လည်း ယခုနှစ်တွင် သာမန်ဆောင်းတွင်း အပူချိန်ထက် လွန်ကဲစွာအေးသော ဆောင်းတွင်းနှင့် ကြုံတွေ့ရ၏။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲခြင်းများ ဖြစ်ပေါ်နေသည်ကို လျစ်လျူရှု၍ မရတော့ပါ။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပင်လယ်ရေအပူချိန်များ မြင့်တက်လာသည်။ ပင်လယ်ရေ အပူချိန်မြင့်လာ၍ ရေငွေ့ပြန်နှုန်းများလာသည်။ ရေငွေ့ပြန်နှုန်းများလာ၍ မိုးကြီးခြင်း၊ မုန်တိုင်းများ ဖြစ်ပေါ်ခြင်းတို့ဖြစ်လာသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် မြောက်ဝင်ရိုးစွန်းရှိ ရေခဲပြင်များ အရည်ပျော်လာသည်။ ရေခဲပြင်များ အရည်ပျော်မှုကြောင့် ပင်လယ်ရေမျက်နှာပြင် တိုးလာသည်။ ယနေ့ကမ္ဘာပေါ်တွင် လူဦးရေ ၄၆ သန်းသည် ရေကြီးမှုကြောင့် ဒုက္ခရောက်နိုင်သည့် အနေအထားတွင် ရှိနေသည်။ ပင်လယ်ရေမျက်နှာပြင်သည် ရေခဲများ အရည်ပျော်မှုကြောင့် ၅၀ စင်တီမီတာ တိုးလာလျှင်ပင် လူဦးရေ ၉၆ သန်းသည် ရေကြီးမှုကြောင့် ဒုက္ခရောက်သွားနိုင်သည်။

မိုးရွာသွန်းမှုနည်းပါးသော အရပ်ဒေသများသည် မိုးပိုမိုခေါင်လာသည်။ မိုးခေါင်မှုကြောင့် နှစ်စဉ် သဲကန္တာရများ ပိုမိုဖြစ်ပေါ်လာသည်။ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၁၀ မှ လူဦးရေ သန်း ၂၀၀၀ ခန့်သည် မိုးခေါင်မှု၊ သဲကန္တာရများ ပိုမိုဖြစ်ပေါ်မှုတို့ကြောင့် စိုက်ပျိုးမြေများ ဆုံးရှုံးမှုအန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ ကျွမ်းကျင်ပညာရှင်များ၏ တွက်ချက်မှုအရ ကမ္ဘာပေါ်ရှိ စိုက်ပျိုးမြေ၏ ၃၀ ရာခိုင်နှုန်းသည် ကမ္ဘာကြီး ပူနွေးလာမှုကြောင့် သဲကန္တာရအဖြစ်သို့ ပြောင်းလဲသွားနိုင်သည်ဟု ဆိုထားသည်။

ကမ္ဘာကြီးပူနွေးလာမှုသည် ကမ္ဘာပေါ်ရှိလူသားတိုင်းနှင့် သက်ဆိုင်နေပါသည်။ ကမ္ဘာကြီးပူနွေးလာမှုကို တားဆီးရန် လူသားတိုင်းမှာ တာဝန်ရှိပါသည်။ အောက်ပါအချက်များကို လိုက်နာခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို တစ်ဖက်တစ်လမ်းမှ တားဆီးရာရောက်ပါသည် -

၁။ ဒီဇယ်၊ ဓာတ်ဆီ၊ မီးသွေးအသုံးပြုခြင်းကို လျှော့ပါ။
၂။ လျှပ်စစ်ကို ချွေတာပါ။ အသုံးမလိုသည့်မီးများကို ပိတ်ပါ။
၃။ Renewable Energy ပြန်ပြည့်မြဲ စွမ်းအင်ကိုသုံးပါ။ (ရေအား၊ နေရောင်ခြည်စွမ်းအင်၊ လေအား)
၄။ ဟင်းသီးဟင်းရွက်စားပါ။ တစ်နိုင်တစ်ပိုင် စိုက်ပျိုး၍စားပါ။
၅။ သစ်တောပြုန်းတီးမှုကို ကာကွယ်ပါ။ သစ်ပင်စိုက်ပါ။ (မြို့နေလူတစ်ဦးသည် ပျမ်းမျှ ၉ ဒသမ ၇ မက်ထရစ်တန် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို တစ်နှစ်အတွင်း ထုတ်လွှတ်၏။ ၎င်းဓာတ်ငွေ့ကို စုပ်ယူရန် သစ်ပင် ၄၇၇ ပင်လို၏။)
၆။ မိမိနေထိုင်ရာဒေသမှ ထွက်ကုန်များကို အများဆုံးအသုံးပြုပါ။ (အခြားဒေသမှထွက်ကုန်များသည် လောင်စာကို အသုံးပြုပြီးမှ မိမိဒေသသို့ ရောက်ရှိလာခြင်းဖြစ်၏။ ဒေသထွက်ကုန်များသည် လတ်ဆတ်ပြီး ဈေးလည်းချို၏။)
၇။ ကြွပ်ကြွပ်အိတ်အသုံးပြုခြင်းကို တတ်နိုင်သလောက် ရှောင်ပါ။ဈေးဝယ်ထွက်လျှင် ခြင်း သို့မဟုတ် ထည့်စရာအိတ် ယူသွားပါ။
၈။ ရေကို ချွေတာပါ။ မိုးတွင်းတွင် မိုးရေကို ခံသုံးပါ။
၉။ စက္ကူကို ချွေတာပါ။
၁၀။ ပစ္စည်းများကို အလွယ်တကူ လွှင့်မပစ်ဘဲ ပြန်သုံး၍ ရသလောက်သုံးပါ။ (Recycle, Reuse)

အထက်ပါ ၁၀ ချက်ကို လိုက်နာခြင်းဖြင့်လည်းကောင်း၊ အများကို သိရှိအောင် ဖြန့်ဖြူးခြင်းဖြင့်လည်းကောင်း ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်ကို တားဆီးကြရန်လိုပါသည်။ အများအကျိုးကို ဆောင်ရွက်သူသည် စိတ်နှလုံးအေးချမ်းပျော်ရွှင်သူ ဖြစ်ပါသည်။ စိတ်နှလုံးအေးချမ်း ပျော်ရွှင်နေသူသည် အောင်မြင်မှုများကို အစဉ်အမြဲ ရရှိနေပါမည်။

ဤဆောင်းပါးဖြင့် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင်နေ့ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

ရေနုတ်မြောင်း ပြန်လည်တူးဖော်ပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၃/၄ရပ်ကွက်၊ ဘောဂသိဒ္ဓိလမ်းအတွင်း၌ ယခင်ကရေဆိုးမြောင်းတစ်ခုရှိခဲ့ပြီး လမ်းအတွင်းရှိ နေအိမ်များနှင့် အမက(၁၀)မှ ရေဆိုးများ လမ်းမကြီးဘေးရှိ ရေမြောင်းအတွင်းသို့ စနစ်တကျ စွန့်ပစ်စီးဆင်းခဲ့ပါသည်။ယခုအခါ အဆိုပါရေဆိုးမြောင်းအား ကျောက်တုံးကြီးများဖြင့် ပိတ်ဆို့လမ်းခင်းခဲ့သဖြင့် ရေနုတ်မြောင်းပျောက်ကာ ရေကြီးရေလျှံမှုဖြစ်ပေါ်ပြီးခြင်းများ ပေါက်ပွားနေပါသဖြင့် ရပ်ကွက်နေ ပြည်သူများ၊ ကလေးသူငယ်များ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနိုင်ပါသည်။ သို့ဖြစ်ပါ၍ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

အမှိုက်ပုံနေရာ ရွှေ့ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ နံ့သာမြိုင်လမ်းနှင့် နီလာလမ်းထောင့်မှအမှိုက်ပုံသည် လူနေအိမ်များ၏ရှေ့တွင်ရှိပြီး အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ အမှိုက်ပုံအား သင့်တော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

(၁၉)ရပ်ကွက်သားများ

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

ပြည်သူ့ထံမှ ပေးစာများ

ကျောင်းရှေ့အညစ်အကြေးစည်းကမ်းမဲ့စွန့်မှု တားဆီးပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗားဂရာလမ်းရှိ အထက(၁) ကြည့်မြင်တိုင်ကျောင်းရှေ့ မျက်နှာစာတွင် မထသ(၆၂)ကားဂိတ်ရှိပြီး ၎င်းအနီး၌ ဈေးဆိုင်မျိုးစုံဖွင့်လှစ်ရောင်းချလျက်ရှိရာ ဈေးသည်များနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များသည် အညစ်အကြေးများကို နေ့-ညစည်းကမ်းမဲ့ စွန့်နေကြပါသဖြင့် ပတ်ဝန်းကျင် အမြင်မတင့်တယ်သည့်အပြင် ကျောင်းနှင့် ဝန်းကျင်ကျန်းမာသန့်ရှင်းမှုကိုလည်း ထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ တားဆီးဖယ်ရှားပေးပါရန်တင်ပြအပ်ပါသည်။

အမြင်မတော်သူများ

ဝက်မွေးမြူရေး ရှင်းလင်းပြီးစီး

၁၃-၆-၂၀၀၉နေ့ထုတ် ကြေးမုံသတင်းစာပါ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ ကျန်စစ်သားအိမ်ရာ၊ ဓမ္မရတနာလမ်းမှ **ဝက်များမွေးမြူသန့်ရှင်းမှုထိခိုက်** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

မိလ္လာနံ့ကြောင့် ကျန်းမာရေးထိခိုက် ဆောင်ရွက်ပြီးစီး

၂၃-၄-၂၀၁၀နေ့ထုတ် ကြေးမုံသတင်းစာပါ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ တိုက်(၅)မှ **မိလ္လာနံ့ကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ပတ်ဝန်းကျင်လေထုသန့်ရှင်းစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဗိုလ်ဇော်ဂျီလမ်းထိပ်၊ အမှတ်(၂)ဈေးကြီးအနီးတွင် မီးသွေးလောင်စာတောင့်လုပ်ငန်းလုပ်ကိုင်လျက်ရှိရာ မီးသွေးမှုန်များကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းပြီး မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ကားဝပ်ရှော့ထုရိုက်သံဆူညံ ဆေးနံ့နံ

စာတည်းရှင့်-

ထားဝယ်မြို့ ကရပ်ပြင်မြောက်ရပ် ဂေါ်သဇင်လမ်းသွယ်(၄)တွင် ကားဘော်ဒီထုခြင်း၊ ဂဟေဆော်ခြင်းနှင့်ကားဆေးမှုတ်ခြင်းတို့ကို နေ့-ညလုပ်ကိုင်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ ဆူညံသံနှင့် အနံ့ဆိုးများကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ထားဝယ်သူ

ပတ်ဝန်းကျင် သန့်ရှင်းစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တောင်ရပ်ကွက်၊ (၉၁)လမ်း၊ ဘေးဝဲ၊ယာတွင် သား၊ ငါး၊ ဟင်းသီးဟင်းရွက်များ နေ့စဉ်ရောင်းချလျက်ရှိရာ အညစ်အကြေး၊ ညှီနံ့များနှင့် အမှိုက်သရိုက်များကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသည်။ ထို့အပြင် လမ်းပေါ်အထိ ဈေးဗန်းခင်းခြင်းကြောင့် ယာဉ်လမ်းပိတ်ဆို့ပြီး လမ်းထိပ်အုတ်တံတိုင်း တစ်ဖက်သို့အမှိုက်များ စုပုံစွန့်ပစ်နေကြသဖြင့် ကြွက်၊ ခြင်၊ ယင်များ ပေါက်ပွားလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ စိစစ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

(၉၁)လမ်းသား

ကြက်မွေးမြူရေးခြံ အနံ့ဆိုးနံ

စာတည်းခင်ဗျား-

ဖြူးမြို့နယ်၊ ရေသျှံကြီး ကျေးရွာအုပ်စု ဝဲဒေါင့်ခုံတဲရပ်(ဖြူးချောင်းတံတားအနီး)တွင် အသားစားကြက်များစီးပွားဖြစ်မွေးမြူလျက်ရှိရာ ကြက်ခြံမှ အနံ့ဆိုးများနှင့် ကြက်ချေးနံ့များကြောင့် ပတ်ဝန်းကျင်နေသူများကျန်းမာရေးထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

Career Opportunity

(For Local Service Only)

Our Company is one of the Oil & Gas Services Companies in Myanmar. We are looking for the energetic experienced and competent candidate to fill the following positions.

I. Project Coordinator **(2) post**
- (1) Age : (35-45)
- (2) Gender : Male/Female
- (3) Education : Bachelor of Engineering or Equivalent
- (4) Other Qualifications
  - : Excellent in English
  - : Good Personality
  - : Experience in oversea jobs (3) years.
  - : Understand Project management and able to execute Project Team work.
  - : Experience in Oil & Gas, Power Project,Turnkey project.

II. Marketing Manager **(1) post**
- (1) Age : (27-45)
- (2) Gender : Female
- (3) Education : Graduate with Diploma in marketing/ MBA is preferable.
- (4) Other Qualifications:
  - : Excellent in English
  - : Good Personality
  - : Experience in Business Management (3) years.
  - : Oversea jobs experience is much preferable.
  - : Understand management and able to execute Project team work.

III. Chinese/English Interpreter **(1) post**
- (1) Age : (25-30)
- (2) Gender : Female
- (3) Education : Any graduate
- (4) Other Qualifications
  - : Must be fluent in Chinese Language
  - : Good Personality
  - : Interested candidates are requested to submit application letter with CV, recently (2) photo, labour registration card to the below address.

Parami Energy Services
 # 14-02, Sakura Tower, Sule Pagoda Road, Yangon, Myanmar.
Tel.(95 1) 255450, 255104 Fax (95 1) 255109

မီးမီး
အထည်ဆိုင်
မင်္ဂလာဈေး မြေညီထပ် (ရ၁၈၊ရ၁၂)
ကို ယုဇနပလာဇာ မြေညီထပ် အမှတ် P-23
(ဝင်ပေါက်–၁၉) သို့ပြောင်းရွှေ့(၃-၆-၂၀၁၀)
နေ့တွင် စတင်ဖွင့်လှစ်ရောင်းချပေးနေပါသည်။
မီးမီး(မင်္ဂလာဈေး)
ဖုန်း – ၂၂၈၁၀၄

စိန်ပန်းသီး - လုံချည်ဆိုင်
ပြောင်းရွှေ့ခြင်း
ယုဇနပလာဇာ ၊ မြေညီထပ် ၊ G-5 သို့
ယနေ့မှစ၍ ပြောင်းရွှေ့ ဖွင့်လှစ်ထားပါသည်။

အဝီစိ၊ စက်ရေတွင်း
အမြန် တူးဖော်ပေးသည်။
"Workgroup" - Rm: 403, Excel Tower,
Ph: 01 559377 Ext: 6413, 6403

မင်္ဂလာဈေး၊ တတိယထပ် စက်လှေကားထိပ်တွင်
ဖွင့်လှစ်ရောင်းချလျက်ရှိသော
(ကိုခင်ဦးကုန်မျိုးစုံရောင်းဝယ်ရေး)
ဆိုင်အား အမှတ်(၂၇၊ ၁၉၊ ၁၆)၊ (၁၁၈)လမ်း (CB ဘဏ်အနီး)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့သို့ ယာယီပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်။
ဖုန်း:-290289၊ 299891၊ 73017391၊ 73017392၊ 09-9922162၊ 09-5119962

အားကစားမြင့်တင် စိတ်လန်းရွှင်

ဇွဲကပင်ကို ဂိုးပြတ်သွင်းပြီး ဧယျာရွှေမြေ နိုင်ပွဲပြန်ရ ရတနာပုံ F.C ခြေစွမ်းပြ သုံးပွဲဆက်အနိုင်ရရှိ

ရန်ကုန် ဇွန် ၅

၂၀၁၀ MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက ဆက်လက်ကျင်းပရာ သုဝဏ္ဏကွင်းတွင် ဧယျာရွှေမြေအသင်းက ဇွဲကပင်ယူနိုက်တက်ကို လေးဂိုး-ဂိုးမရှိ၊ ဗထူးကွင်းတွင် လက်ရှိချန်ပီယံ ရတနာပုံအသင်းက မနောမြေ F.C ကို ငါးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိ သွားသည်။

(သုဝဏ္ဏကွင်း)
ဧယျာရွှေမြေ-လေးဂိုး
(ကျော်ဇင်ဝင်း -သုံးဂိုး၊ ဂျောင်ဆောင်ဘေ-တစ်ဂိုး)
ဇွဲကပင်ယူနိုက်တက်- ဂိုးမရှိ

နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးပြီး ဒုတိယနေရာကို ဆင်းပေးခဲ့ရသည့် ဧယျာရွှေမြေအသင်းမှာ နိုင်ပွဲပြန်လည်ရရှိရန် ကြိုးစားသွားခဲ့ပြီး ဂိုးပြတ်ဖြင့် သုံးအမှတ်အပြည့် ရရှိခဲ့သည်။ တောင်ကိုရီးယားကစားသမား တင်မ်၊ ဆီဒင်ကွင်းလယ်လူ အလက်ဇန္ဒားတို့မှလွဲ၍ လူစုံပါဝင်လာသည်။ ဧယျာရွှေမြေအသင်းမှာ အကောင်းဆုံး ပုံစံမျိုးမရှိခဲ့သော်လည်း ရရှိသည့် ဂိုးသွင်းခွင့်များကို အသုံးချနိုင်ခဲ့၍ ဂိုးပြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

Key -Player ရာဇာဝင်းသိန်း ပြန်ပါလာ၍ ဧယျာရွှေမြေ ကွင်းလယ် ကစားကွက် ပိုကောင်းလာပြီး ပွဲစကတည်းက ဂိုးရရှိရန် ကြိုးစားခဲ့သည်။ ဇွဲကပင်အသင်းကလည်း ဂိုးမပေးရရေးအတွက် ခပ်ကြမ်းကြမ်း ဖျက်ထုတ်ကစားခဲ့သော်လည်း မိနစ် ၂၀ကျော်တွင် ဂိုးစပေးခဲ့ရသည်။ ၂၂ မိနစ်တွင် ရဲဝေယံစိုး၏ ထိုးဖောက်ဂိုးသွင်းမှုမှ လျှံထွက်လာသော ဘောလုံးကို ကျော်ဇင်ဝင်းက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် ဂိုးထပ်မံရရှိရန်အတွက် ဧယျာရွှေမြေအသင်းမှာ ကစားအားထပ်တင်ခဲ့သည်။ မိနစ် ၆၀တွင် ရဲဝေယံစိုး၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂျောင်ဆောင်ဘေက ဒုတိယဂိုး၊ ၆၆မိနစ်တွင် ကျော်ဇင်ဝင်းက တတိယဂိုးတို့ကို ထပ်မံသွင်းယူခဲ့သည်။ ဂိုးများဆက်တိုက်ပေးခဲ့ရ၍ ဇွဲကပင်ယူနိုက်တက်အသင်း ချေပဂိုးရရှိရန် ပြန်လည်ကြိုးစားလာပြီး ပထမဦးဆုံး သွင်းဂိုးရရှိနိုင်မည့် အခွင့်အရေးများ ရရှိခဲ့သော်လည်း ထက်နိုင်ဝင်း အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ ဧယျာရွှေမြေအတွက် နောက်ဆုံးဂိုးကို ကျော်ဇင်ဝင်းက ၎င်း၏ ဟက်ထရစ်ဂိုးအဖြစ် ၈၄မိနစ်တွင် သွင်းယူခဲ့သည်။

ဧယျာရွှေမြေအသင်းနှင့် ဇွဲကပင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ (ကြေးမုံ)

(ဗထူးကွင်း)
ရတနာပုံ - ငါးဂိုး
(ရန်ပိုင်-နှစ်ဂိုး၊ ကွမ်ပိုရီ၊ အောင်ချမ်းမိုးနှင့် ခင်မောင်ထွန်း-တစ်ဂိုးစီ)
မနောမြေ - ဂိုးမရှိ

နှစ်ပွဲဆက် အနိုင်ရထားသည့် မနောမြေ F.C ကို ရတနာပုံအသင်းက ခြေစွမ်းပြ ဂိုးပြတ်အနိုင်ယူပြီး အမှတ်ပေးဇယား တတိယနေရာကိုရယူနိုင်ခဲ့သည်။ မနောမြေအသင်းမှာ ရတနာပုံကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ ရတနာပုံအတွက် အနိုင်ဂိုးများကို ရန်ပိုင်က ၆၆ မိနစ်နှင့် ၉၁မိနစ်တို့တွင် နှစ်ဂိုးသွင်းယူခဲ့ပြီး ၆မိနစ်တွင် ကွမ်ပိုရီ၊ ၃၇ မိနစ်တွင် အောင်ချမ်းမိုးနှင့် ၇၈မိနစ်တွင် ခင်မောင်ထွန်းတို့က တစ်ဂိုးစီသွင်းယူခဲ့သည်။

ယနေ့ပွဲ
(သုဝဏ္ဏကွင်း)
ကမ္ဘောဇ - မကွေး
(ဗထူးကွင်း)
နေပြည်တော် - ဥဿာယူနိုက်တက်

(ကြေးမုံ)

နိုင် ငံ တ ကာ အား က စား သ တင်း

ဖာဒီနန် မပါသည့် အင်္ဂလန်အသင်းတွင် ဂျရတ် အသင်းခေါင်းဆောင်ဖြစ်လာ

လန်ဒန် ဇွန် ၅

အင်္ဂလန်အသင်း၏ အသင်းခေါင်းဆောင် ဖာဒီနန်သည် ယမန်နေ့က လေ့ကျင့်ခန်း

ဖာဒီနန်၏ နေရာတွင် အစားထိုးရန် ထပ်မံခေါ်ယူလိုက်သည့် မိုက်ကယ်ဒေါ်ဆင်။

ဆင်းစဉ် ဒူးဒဏ်ရာရရှိသွားကြောင်းသိရသည်။ ဒဏ်ရာရသွားသည့် ၎င်း၏ ဘယ်ဘက်ဒူးအား ဓာတ်မှန်ရိုက်စစ်ဆေးမှုများပြုလုပ်အပြီးတွင် ယင်းဒဏ်ရာကြောင့် ဖာဒီနန်မှာ အနည်းဆုံး ခြောက်ပတ်ခန့်အထိ အနားယူရတော့မည်ဟုဆိုသည်။ သို့အတွက်ကြောင့် ဖာဒီနန်မှာ တောင်အာဖရိကနိုင်ငံတွင် ကျင်းပတော့မည့် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲချော်ခဲ့ရပြီဖြစ်သည်။

ယခုအချိန်တွင် ဖာဒီနန်၏ နေရာတွင် အစားထိုးရန် အသက် (၂၆)နှစ်ရှိ စပါးအသင်းမှ ဗဟိုခံစစ်

ဒူးဒဏ်ရာဖြင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့် လွဲချော်ခဲ့ရပြီဖြစ်သည့် ဖာဒီနန်။

ကစားသမားမိုက်ကယ်ဒေါ်ဆင်ကို ခေါ်ယူလိုက်ပြီဖြစ်သည်။ထို့ကြောင့် အင်္ဂလန်အသင်း၏ဗဟိုခံစစ်နေရာတွင် ဖာဒီနန် မပါဝင်တော့သော်လည်း အစားထိုးခေါ်ယူထားသည့် မိုက်ကယ်ဒေါ်ဆင်၊ ဂျွန်တယ်ရီ၊ လက်ဒလေကင်းနှင့် ကာရေဂါတို့ ရှိနေသေးသည်။ အင်္ဂလန်အသင်း၏ အသင်းခေါင်းဆောင်တာဝန်ကိုမူ ဂျရတ်အား လွှဲပြောင်းပေးအပ်သွားမည်ဟု နည်းပြ ကာပယ်လိုက ဆိုသည်။ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(C)တွင်ပါဝင်သည့် အင်္ဂလန်အသင်းသည် ဇွန် ၁၂ ရက်တွင် အမေရိကန်အသင်း၊ ဇွန် ၁၈ ရက်တွင် အယ်လ်ဂျီးရီးယားအသင်း၊ ဇွန် ၂၃ရက်တွင် ဆလိုဗေးနီးယားအသင်းတို့နှင့် အုပ်စုပွဲစဉ်များကို ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

အင်တာနက်။

ဝင်းတင်(ကြေးမုံ)

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ရာဖေးနာဒယ်လ်နှင့် ဆိုဒါလင်းတို့ ဗိုလ်လုမည်

ပဲရစ် ဇွန် ၅

တစ်နှစ်အတွင်း ယှဉ်ပြိုင်ကစားသည့် ဂရင်းဆလင်းပြိုင်ပွဲ လေးပွဲရှိသည့်အနက် ဒုတိယမြောက်ပွဲဖြစ်သည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို မေ ၂၃ ရက်မှ ဇွန် ၆ ရက်အထိကျင်းပလျက်ရှိရာ အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲကို ဇွန် ၆ ရက်တွင် ရာဖေးနာဒယ်လ်နှင့် ရော်ဘင်ဆိုဒါလင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြင်သစ်အိုးပင်းချန်ပီယံဆုကို လေးကြိမ် ကိုင်မြှောက်ထားနိုင်ခဲ့သည့် ရာဖေးနဒယ်လ်သည် ဆီမီးဖိုင်နယ်တွင် မယ်လ်ဇာကို ၆-၂၊ ၆-၃၊ ၇-၆ ဖြင့် အနိုင်ရရှိခဲ့ပြီး ရော်ဘင်ဆိုဒါလင်းကမူ ဘာဒက်ချ်ကို ၆-၃၊ ၃-၆၊ ၅-၇၊ ၆-၃၊ ၆-၃ ဖြင့်အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်လာခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်/စက်ယန္တရားများ၏ ကြံ့ခိုင်မှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

တစ်ချက်တည်းကျင်းဝင်

ကြံခင်း ဇွန် ၅

ဦးသန်းဆွေမြင့်သည် ကစားဖော်များဖြစ်ကြသော ဦးဇော်မင်း(လက်ထောက်စက်ရုံမှူး)၊ ဦးနေလင်း၊ ဦးအောင်မျိုးဝင်း၊ဦးအောင်သူရတို့နှင့်အတူ မေ ၅ ရက် ညနေ ၆ နာရီတွင် ကြံခင်း ဘိလပ်မြေစက်ရုံဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Ev-oo ဘောလုံးကို H1-BRID No(5) တုတ်ဖြင့်ရိုက်လိုက်ရာ ၁၈၅ ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို တောင်ငူမြို့ လေးကျွန်းကန်တော်ကြီး သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ရောဝတီတံတား(ညောင်တုန်း) စီမံကိန်းနှင့် တောင်ငူမြို့လှပရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဇွန် ၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁ ရက်တွင် ဟင်္သာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စု ဖောင်ဆိပ်ကျေးရွာ ဖောင်ဆိပ်ဖြတ်တာ(၂) တည်ဆောက်ခြင်းလုပ်ငန်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ဖောင်ဆိပ်ဖြတ်တာ(၂) တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လိုအပ်သည့်အစီအမံများ စနစ်တကျ ရေးဆွဲဆောင်ရွက်သွားရန် မှာကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဟင်္သာတမြို့ ဦးပါရဲကမ်းနားတာ ဧရာဝတီမြစ်ကမ်းပါး ကာကွယ်ခြင်းလုပ်ငန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

လေကြောင်းနည်းပညာ | ဘာသာပြန်-ရောမောင်

ပြာမှုန်တိမ်တိုက်ဖော်ထုတ်ပေးမည့်ကိရိယာ ဗြိတိသျှလေကြောင်းဌာနတစ်ခု၌ တပ်ဆင်မည်

လန်ဒန် ဇွန် ၅

မီးတောင်မှ ပေါ်ထွက်နိုင်သော ပြာမှုန်တိမ်တိုက်များအား စုံစမ်းဖော်ထုတ်ပေးနိုင်မည့် ကိရိယာတစ်မျိုးကို ခရီးသည်တင်လေယာဉ်များ၌ တပ်ဆင်နိုင်ရန် အီးဇီးဂျက်အမည်ရှိ ဗြိတိသျှလေကြောင်းဌာနတစ်ခုက ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း အထက်တန်း တာဝန်ရှိသူတစ်ဦးက ဇွန် ၅ ရက်တွင် ပြောကြားသည်။

မကြာသေးမီက အိုက်စလန်နိုင်ငံရှိ မီးတောင်တစ်လုံးမှ ပျံ့လွင့်လာသော ပြာမှုန်တိမ်တိုက်များကြောင့် နိုင်ငံတကာလေကြောင်းခရီးသွားလာရေး လုပ်ငန်းများ ဆိုးဆိုးရွားရွား ထိခိုက်ခဲ့ရပြီးနောက် ပြာမှုန်တိမ်တိုက်များအား စုံစမ်းဖော်ထုတ်ပေးနိုင်မည့် **စာမျက်နှာ ၈ ကော်လံ ၁ သို့**

အိုက်စလန်ကျွန်းနိုင်ငံရှိ မီးတောင်မှ ပြာမှုန်တိမ်တိုက် ပေါ်ထွက်လာသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*